# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် | ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၆ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၅)၊ အမှတ်( ၁၃၇)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



# ရှမ်းပြည်နယ်၏ အထင်ကရပွဲတော်တစ်ခုဖြစ်သည့် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်အား စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပလျက်ရှိပြီး အဆိုပါပွဲတော်၌ မီးပုံးပျံပြိုင်ပွဲကြီးကို နေ့မီးနှင့်ညမီးဟူ၍ နှစ်မျိုးခွဲကာ ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိသည်။ ယင်းမီးပုံးပျံပြိုင်ပွဲကြီးတွင် နေ့ပိုင်းအလှလွှတ် မီးပုံးပျံများသည် အများအားဖြင့် တိရစ္ဆာန်ရုပ်ပုံများဖြစ်ပြီး နေ့လွှတ်အရုပ်ပြိုင်ပွဲ၌ အရုပ်ခြေနှစ်ချောင်း၊ အရုပ်ခြေလေးချောင်းများဖြစ်ကာ ညလွှတ်မီးပုံးပျံများ၌လည်း ညမီးကြီးနှင့် စိန်နားပန်ဟူ၍ နှစ်မျိုးရှိကြောင်း၊ ညမီးကြီးတွင် မီးပုံးပျံအောက်ဆွဲ၌ ယမ်းခွေများ ပါဝင်ပြီး မီးပုံးပျံ ပျံတက်သည့်ကာလအတွင်း မီးရှူးမီးပန်းများ ပစ်လွှတ်ကာ ညမြင်ကွင်းကို အလှဆင်ကြကြောင်းနှင့် စိန်နားပန်သည် မီးပုံးပျံအပြင် ကိုယ်ထည်အပေါ်နှင့် အောက်ဆွဲ၌ မီးပုံးအရောင်အမျိုးမျိုးနှင့် ရုပ်ပုံများ၊ စာလုံးများကို ပုံဖော်ကာ လွှတ်တင်ကြသည့် မီးပုံးအမျိုးအစားဖြစ်ကြောင်း သိရှိရပြီး အဆိုပါပွဲတော်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ မိဘပြည်သူများက အေးချမ်းပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွဲလျက်ရှိသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❑

**ယနေ့ ဗတ်စရာ**


**နှစ်စဉ်နှစ်တိုင်း နွဲလို့ပျော်သည် ရှမ်းတိုင်းရင်းသားတို့၏ တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ဆီ . . .** — ဆောင်းပါး စာ ၆

**တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလ ငွေဆောင်ကမ်းခြေသို့ ပြည်တွင်းပြည်ပခရီးသွားဧည့်သည် လာရောက်လည်ပတ်မှုများပြား** — ပြည်တွင်းသတင်း စာ ၁၁

**အင်္ဂမအကြိမ် တရုတ်နိုင်ငံတကာသွင်းကုန်ပြပွဲ ၂၀၂၅ ရှန်ဟိုင်းမြို့၌ စတင်ကျင်းပ** — သတင်း စာ ၁၃

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး(UNOCHA) ၏ အကြီးအကဲ Mr. Justin Brady အား လက်ခံတွေ့ဆုံ

### အထွေထွေရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲအလွန် မြန်မာ့နိုင်ငံရေးအခင်းအကျင်းတို့အပေါ် အမြင်ချင်းဖလှယ်ဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၅**

နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ရန်ကုန်မြို့ အခြေစိုက် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲ Mr. Justin Brady အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)

တွေ့ဆုံစဉ် UNOCHA ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်တွင်းအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေး၊ သဘာဝဘေး ပြန်လည်ထူထောင်ရေး၊ အထွေထွေရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲအလွန် မြန်မာ့နိုင်ငံရေးအခင်းအကျင်းတို့အပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးဝင်းရှိန် လူငယ်များ အလုပ်အကိုင်တိုးတက်ရရှိစေရေး ဟိုတယ်လုပ်ငန်းဆိုင်ရာ အသက်မွေးပညာသင်တန်းများ ဖွင့်လှစ်ပို့ချနေမှု ကြည့်ရှုအားပေး၍ စက်ရုံများကွင်းဆင်းစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၅**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ အလုပ်သမားရေးရာ တာဝန်ရှိသူများနှင့်အတူ ကမာရွတ်မြို့နယ်ရှိ National Management Academy တွင် ဟိုတယ်လုပ်ငန်းဆိုင်ရာ အသက်မွေးပညာသင်တန်းများ ဖွင့်လှစ်ပို့ချနေမှုများကို ကြည့်ရှုအားပေးသည်။



ဦးစွာ သင်တန်းကျောင်းတာဝန်ခံက National Management Academy မှ အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် ဒီပလိုမာသင်တန်းများအဖြစ် ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ ၂၀၂၄ ခုနှစ် မတ်လမှ ၂၀၂၅ ခုနှစ် ဩဂုတ်လအထိ သင်တန်းသား ၁၅၉ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး သင်တန်းပြီးဆုံးသူများအား ပြည်တွင်း/ပြည်ပရှိ ဟိုတယ်များ၊ လုပ်ငန်းရှင်များ၊ နိုင်ငံတကာ တက္ကသိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက အလုပ်သမားဝန်ကြီးဌာနသည် လူငယ်လူရွယ်များ အလုပ်အကိုင်တိုးတက်ရရှိရေးနှင့် မြန်မာလုပ်သားထု၏ စွမ်းဆောင်ရည်မြင့်မားစေရေးအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း၊ ပုဂ္ဂလိက သင်တန်းကျောင်းများအား ကျွမ်းကျင်မှုသင်တန်းကျောင်းအဖြစ် အသိအမှတ်ပြုပေး၍ ကြီးကြပ်လမ်းညွှန်ခြင်း၊ ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းပြပွဲများ ကျင်းပ၍ အလုပ်အကိုင်ရရှိမှု မြှင့်တင်ဆောင်ရွက်ခြင်း၊ သင်တန်းကျောင်းအနေဖြင့် သင်တန်းဆင်းများ၏ အလုပ်အကိုင်တိုးတက်ရရှိစေရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ တိုင်းပြည်နှင့် လူမျိုးအပေါ်သစ္စာရှိသော၊ စိတ်ဓာတ် ကောင်းမွန်၍ စည်းကမ်းလိုက်နာသော၊ စွမ်းဆောင်ရည်ပြည့်ဝသော ပညာတတ်လူငယ်များဖြစ်လာစေရေး အလေးထား သင်ကြားပို့ချဆောင်ရွက်ရန် မှာကြားကာ သင်တန်းဖွင့်လှစ်ပို့ချနေမှုများကို ကြည့်ရှုအားပေးသည်။ (ဝဲပုံ)

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင် စက်မှုဇုန်ရှိ EO အထည်ချုပ်စက်ရုံ၊ New Green Land အထည်ချုပ်စက်ရုံနှင့် Myanmar C.P Livestock Co., Ltd. အစာစပ်စက်ရုံတို့ကို သွားရောက်၍ စက်ရုံရှိတာဝန်ခံများ၊ အလုပ်သမားအဖွဲ့အစည်းဝင်များ၊ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC) အဖွဲ့ဝင်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာတာဝန်ခံများနှင့် တွေ့ဆုံ၍ လုပ်ငန်းခွင်အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြား၍ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စေတုတ္တရာမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးအခမဲ့ကုသပေး



**စေတုတ္တရာ နိုဝင်ဘာ ၅**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါ စစ်ဆေးပေးခြင်းနှင့် အခမဲ့စစ်ဆေးကုသပေးခြင်းတို့ကို ယနေ့နံနက် ၉ နာရီခွဲက စေတုတ္တရာမြို့နယ် မိခင်နှင့်ကလေးဌာနရုံး၌ ဆောင်ရွက်သည်။ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးကုသပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်း၊ ဆရာဆရာမများက အငြိမ်းစားဝန်ထမ်းများအား စာရင်းပေးသွင်းပြီး သွေးပေါင်ချိန်တိုင်းတာခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးပေးခြင်း၊ နှလုံးစစ်ဆေးပေးခြင်းနှင့်လိုအပ်သည့် ဆေးဝါးများကို အခမဲ့ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျန်းမာရေးစမ်းသပ်စစ်ဆေးကုသပေးခြင်းကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

**ဆန်းကိုကို(ပြန်/ဆက်)**

**ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်အံ့**



တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်တွင် မြို့လုံးကျွတ် ရိုးရာမီးပဒေသာအလှ လှည့်လည်ပူဇော်ပွဲ ကျင်းပစဉ်။ ဓာတ်ပုံ-တင့်ဆွေ(တောင်ကြီး)



တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်တွင် ညမီးကြီး မီးပုံးပျံလွှတ်တင်နေမှုကို တွေ့ရစဉ်။

❑ *ရွှေဖုံးမှ*

ယခုနှစ်တွင် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကို အောက်တိုဘာလ ၂၉ ရက်မှ စတင်၍ တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်းတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိရာ တောင်ကြီးမြို့ပေါ်ရပ်ကွက်များမှ ပြိုင်ပွဲဝင်အသင်းများ၊ ကုမ္ပဏီအသင်းအဖွဲ့များမှ ပြိုင်ပွဲဝင်အသင်းများနှင့် တောင်ကြီးမြို့အနီးဝန်းကျင် မြို့၊ ရွာများမှ ပြိုင်ပွဲဝင်အသင်းများက အတီးအမှုတ်၊ အကအခုန်များနှင့် ပျော်ရွှင်စွာပါဝင်ယှဉ်ပြိုင်လွှတ်တင်လျက်ရှိကြရာ အနယ်နယ်အရပ်ရပ်မှ မိဘပြည်သူများက အေးချမ်းပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲလျက်ရှိပြီး နေ့စဉ် ၂၅၀၀၀၀ ခန့် လာရောက်ကြည့်ရှုကြကြောင်း သိရှိရသည်။



တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ နေ့လွှတ်အရုပ်ပြိုင်ပွဲတွင် မီးပုံးပျံများလွှတ်တင်ရာ အနယ်နယ်အရပ်ရပ်မှ မိဘပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။



အဆိုပါ တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကြီးတွင် ညမီးကြီး ၂၂ ပေ ၂၅ လုံး၊ ၂၅ ပေ ၁၈ လုံး၊ စိန်နားပန် ၁၈ ပေ ၃၇ လုံး စုစုပေါင်းအလုံး ၈၀၊ နေ့လွှတ်အရုပ် မီးပုံးပျံအရုပ် ခြေနှစ်ချောင်း ၁၉၃ လုံး၊ အရုပ်ခြေလေးချောင်း ၉၃ လုံး၊ အရုပ်အုပ်စု ၇၅ လုံး စုစုပေါင်း ၃၆၁ လုံး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ညလွှတ်မီးပုံးပျံကို ညနေ ၆ နာရီခွဲမှ ပွဲစဉ်ပြီးဆုံးသည်အထိ လွှတ်တင်သွားမည်ဖြစ်ကာ နေ့လွှတ်အရုပ်ပြိုင်ပွဲကို မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ နေ့ရက်အလိုက် လွှတ်တင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ခေတ်ပေါ်တေးဂီတတီးဝိုင်းများ၊ တိုင်းရင်းသားရိုးရာ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ မြို့လုံးကျွတ် ဘုံကထိန်ပဒေသာပင်လှည့်လည်ခြင်း၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ခြင်း၊ မီးပဒေသာလှည့်လည်ပူဇော်ခြင်းများ ဆောင်ရွက် ကြသည်။

ရှမ်းပြည်နယ်၏ အထင်ကရပွဲတော်တစ်ခုဖြစ်သည့် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကို အောက်တိုဘာလ ၂၉ ရက်နေ့မှ နိုဝင်ဘာလ ၅ ရက်နေ့အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်သော်လည်း လက်ရှိမိုးလေဝသ ရာသီဥတုအခြေအနေများကြောင့် ပွဲတော်ရက်အား ၃ ရက်တိုးကာ နိုဝင်ဘာလ ၈ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးကျင်းပ

**ထားဝယ် နိုဝင်ဘာ ၅**

တနင်္သာရီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (၆ /၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**



အစည်းအဝေးတွင် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုအပေါ် မူတည်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ ရင်းနှီးမြှုပ်နှံသူများအား လုပ်ငန်းဆောင်ရွက်ခွင့်ရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ၊ ငွေကြေး လည်ပတ်မှုများသည် အရေးကြီးကြောင်း၊ ကြီးပွားတိုးတက်လာသည်နှင့်အမျှ တိုင်းဒေသကြီး၏ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုပိုမိုဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးတွင် ယခုထက်ပို၍ တည်ငြိမ်အေးချမ်းလာပါက ရင်းနှီးမြှုပ်နှံမှု များပြားလာနိုင်သည့်အတွက် ဖွံ့ဖြိုး တိုးတက်မှုသည်လည်း များပြားလာမည် ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး ဝိုင်းဝန်းဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ မကြာခင်ကာလအတွင်း ရေနက်ဆိပ်ကမ်းနှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုဝင်ရောက်လာပါက တိုင်းဒေသကြီးအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိလာနိုင်သောကြောင့် အကျိုးရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် ကျွန်းစုမြို့နယ်ရှိ ဥယျာဉ်ခြံမြေဧရိယာ ၉၈ ဧကတွင်ခေတ်မီရေငန်ပုစွန်မွေးမြူ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ထားဝယ်မြို့နယ်ရှိ ဥယျာဉ်ခြံမြေဧရိယာ ၂၁၁၁မ ၄၄ ဧကတွင် ဝဥအလွှာ အခြောက်ခံ လုပ်ငန်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဝင်များက ဖြည့်စွက်ဆွေးနွေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး**

**(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်

**၅၂**

ရက်

သာ လိုတော့သည်။

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် ၂၈-၁၂-၂၀၂၅ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် (၁၀၂) မြို့နယ်ကိုလည်းကောင်း၊ ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅) ဖြင့် ၁၁-၁-၂၀၂၆ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် (၁၀၀) မြို့နယ်ကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် (၅၆)နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၉)နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၅၆)နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံရှိကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၏အကြီးအကဲ Mr. Justin Brady အား လက်ခံတွေ့ဆုံ



### မြန်မာအစိုးရနှင့် ကုလသမဂ္ဂအေဂျင်စီများအကြား လူသားချင်းစာနာမှု အကူအညီပေးရေးနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၅**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သည် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲ Mr. Justin Brady အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီး ဌာန၌လက်ခံတွေ့ဆုံသည်။(ဓါတ်ပုံ)

တွေ့ဆုံစဉ် အကူအညီလိုအပ်သည့် ပြည်သူများထံသို့ လူသားချင်းစာနာမှု အကူအညီများ ပေးအပ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးရေးနှင့် မြန်မာအစိုးရနှင့် ကုလသမဂ္ဂ အေဂျင်စီများအကြား လူသားချင်းစာနာမှု အကူအညီ ပေးရေးနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဘန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS)၏ အာရှဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး Mr. Sanjay Mathur အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၅**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ဘန်ကောက်မြို့ အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS)၏ အာရှဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး Mr. Sanjay Mathur နှင့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။(**ယာပုံ**)

**အပြန်အလှန်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီး ဌာနနှင့် UNOPS အဖွဲ့တို့အကြား ပူးပေါင်းဆောင် ရွက်လျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ Global Fund နှင့် Access to Health Fund ကျန်းမာရေးရန်ပုံငွေအဖွဲ့များက ကျန်းမာရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ တီဘီ၊ ခုခံကျ/ကာလသားနှင့် ငှက်ဖျားရောဂါကာကွယ် ကုသရေးဆေးဝါးများ ပြတ်လပ်မှုမရှိအောင် ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များနှင့် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ် များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ UNOPS ရုံးမှ ဌာနေ ကိုယ်စားလှယ်နှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြ ကြောင်း သိရသည်။ **သတင်းစဉ်**



■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# နှစ်စဉ်နှစ်တိုင်း နွဲလို့ပျော်သည် ရှမ်းတိုင်းရင်းသားတို့၏ တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ဆီ . . .

*တာရာ*

ကောင်းကင်ယံတွင်ကြယ်တာရာနက္ခတ်စုံလင်သည့် တန်ဆောင်မုန်းလမှာ များသောအားဖြင့် ဆောင်းလေအေးအေးနှင့် ရှိတတ်သော်လည်း ယခုနှစ်တွင် မိုးသားများ မှိုင်းအုံ့ကာ မိုးက တဖွဲဖွဲရှိနေသည်။ မိုးရိပ်မိုးငွေ့တို့ ကင်းရှင်းသွားသည်နှင့် တစ်ပြိုင်နက် တအုန်းအုန်း၊ တရုန်းရုန်းနှင့် အဝေရာကွင်းအတွင်းသို့ လူများပြန်လည်စုရုံးရောက်ရှိလာကာ အစီအစဉ်များအတိုင်း မီးပုံးပျံလွှတ်တင်ရန် ပြင်ဆင်ကြလေသည်။

ယခင်ရက်က မိုးလေဝသအခြေအနေများကြောင့် လွှတ်တင်နိုင်ခြင်းမရှိခဲ့သည့် စိန်နားပန်သည် ယခုညတွင် ဆင့်ပိုးသွယ်ယှက်ထားသည့် မီးပုံးအသေးလေးများဖြင့် လှချင်တိုင်းလှလို့နေသည်။ သယ်လာစဉ်ရုပ်ပုံက မပီပြင်သေးဘဲ မီးစာကိုရှို့ကာ မှိုင်းဝမှ တဖြည်းဖြည်းရုပ်လုံးပေါ်လာခဲ့သည်။ လေတဟူးဟူး တိုက်ခတ်နေသည့်ကြားမှ အားကုန်ဆွဲထားသည့်လက်များ၊ လွှတ်လိုက်သည့်အခါ ခါကာယမ်းကာနှင့် စတင်ပျံတက်သွားသည့် စိန်နားပန်ကို ရှမ်းအိုးစည်တညံညံဖြင့် အဆုံးအစမရှိသည့် လူပင်လယ်ပြင်ကြီးထဲတွင် စီးမျောရင်း စောင့်စားကြည့်ရှုရသည်မှာ ရင်တဖိုဖိုနှင့် ပျော်ရွှင်စရာ ကောင်းလှသည်။

မီးပုံးပျံလွှတ်ခြင်းသည် အခက်အခဲပေါင်းစုံ၊ စိန်ခေါ်မှုပေါင်းစုံကို စုပေါင်းအားဖြင့် ရင်ဆိုင်အောင်ပွဲခံနိုင်သည့်အကျင့်ကို ကျင့်ခြင်းဖြစ်ကြောင်း မီးပုံးပျံ ဦးကျော်ရင်က ဆိုမိန့်ခဲ့ဖူးသည်။ လပေါင်းများစွာ အပင်ပန်းခံကာ ညီညွတ်သည့် စုပေါင်းအားဖြင့် ဖြစ်တည်လာခဲ့သည့် မီးပုံးပျံများ ကောင်းကင်ယံထက်သို့ အခက်အခဲမရှိ ပျံတက်သွားစေလိုလှသည်။

လေအဟုန်၏အရှိန်ကြောင့် တစ်ရှိန်ထိုးတက်သွားပြီး သတ်မှတ်အမြင့်ပေအရောက်တွင် အနီ၊ အပြာ၊ အဝါ မီးရောင်စုံများဖြင့် အစွမ်းကုန်လှပနေသည့် ညမီးကြီးကို ကွင်းလုံးညွတ်မျှပြည်တွင်း ပြည်ပ ဧည့်ပရိသတ်အပေါင်းက လက်ခုပ်လက်ဝါးတီးကာ အားပေးလေ့ရှိကြသည်။

"နှင်းမှုန်လွလွ ထိုဆောင်းညတွင်၊ မိုင်ဆုန်ခဟု၊ ပြုံးစနူတ်ခမ်း၊ မောနွယ်သျှမ်းတို့၊ ချမ်းမြကြည်သာ နူတ်ဆက်ပါ၏၊ ကမ္ဘာသိသည့် တန်ဆောင်တိုင်။

စူဠာမုနိစေတီ တာဝတိံသာပြည်သို့၊ ရည်ရွယ်ကာတမ်း၊ နိဗ္ဗာန်လမ်းမို့၊ စိတ်ဝမ်းတူလှ ပူဇော်ကြပြီ၊ ရှူလေမငြီး၊ ညမီးကြီးနှင့်၊ ရုပ်ကြီးမကျန်၊ စိန်နားပန်တို့၊ ပျံကာမိုးယံ အောင်ပွဲခံ၏။ ရှမ်းအိုးစည်သံ၊ ဘဝဂ်ညံ၍၊ အောင်သံရွှမ်းစု၊ ထိုကောင်းမှုကို၊ နတ်လူသာခုခေါ်စေသတည်း။"ဟု တောင်ကြီးမြို့၏ တန်ဆောင်တိုင်ပွဲတော်နှင့်ပတ်သက်၍ ခြယ်မှုန်းဖွဲ့နွဲ့ကြသည်များကိုလည်း ဖတ်မှတ်ခဲ့ရသည်။



တန်ဆောင်မုန်းလတွင် ဗုဒ္ဓဘာသာအနွယ်ဝင်တို့သည် ကထိန်အလှူ၊ မသိုးသင်္ကန်းရက်လုပ်၍ မြတ်စွာဘုရားရှင်အား ပူဇော်သည့်အလှူ၊ ပံ့သကူအလှူ၊ တန်ဆောင်တိုင်မီးထွန်းပွဲတို့ကို ကျင်းပလေ့ရှိကြသည်။ ရှေးရာဇဝင်မှတ်တမ်းများအရ မြတ်စွာဘုရားရှင် ပွင့်တော်မူသော ခေတ်ကာလကပင် တန်ဆောင်မုန်းလသို့ရောက်တိုင်း နက္ခတ်သဘင်ပွဲဟုခေါ်ဆိုကြသော တန်ဆောင်ဆီမီးတို့ထွန်းညှိပူဇော်ကြသော ပွဲတော်မျိုးကို ကျင်းပခဲ့ကြကြောင်း သိရသည်။

## မြန်မာနိုင်ငံတစ်ဝန်း ရိုးရာယဉ်ကျေးမှု ပွဲတော်အဖြစ် စည်ကားစွာကျင်းပ

ယနေ့ခေတ်တွင် တန်ဆောင်တိုင်ပွဲတော်ကို မြန်မာနိုင်ငံတစ်ဝန်းတွင် ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ခုအဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိလာသည်။ တန်ဆောင်တိုင်ပွဲတော်တွင် ဗုဒ္ဓသာသနာတော်ကို စောင့်ရှောက်ကြကုန်သော သံဃာတော်များအား သင်္ကန်းကပ်လှူသည့် ကထိန်ပွဲတော်၊ ဗုဒ္ဓဘုရားရှင်အား ရည်မှန်းကပ်လှူသည့် မသိုးသင်္ကန်းရက်လုပ်ပူဇော်သည့် ပွဲတော်၊ ဆီမီးတိုင်၊ အလင်းတိုင်များထွန်းညှိပူဇော်သည့် မီးထွန်းပွဲတော်များကို ကျင်းပလာကြသည်။

ဘာသာရေးပွဲတော်များအပြင် ပျော်ပွဲရွှင်ပွဲ၊ ပြိုင်ပွဲများကိုလည်း တစ်ဆက်တည်းကျင်းပကြရာ မီးပုံးပျံလွှတ်တင်ပူဇော်မှုသည်လည်း တစ်ခုအပါအဝင်ဖြစ်လာခဲ့သည်။ ပျော်ပွဲရွှင်ပွဲတစ်ခုအဖြစ်သာမက မီးပုံးပျံလွင့်ပျံတက်ရင်း တာဝတိံသာနတ်ပြည်ရှိ စူဠာမုနိစေတီတော်မြတ်အား ရည်မှန်းပူဇော်ကုသိုလ်ပြုသည့် ရိုးရာအစဉ်အလာတစ်ခုအဖြစ် သက်ဝင်ယုံကြည်ကြခြင်းဖြစ်သည်။

မီးပုံးတစ်ခုချင်းစီသည် လူအပေါင်း၏ နှလုံးသားမှ ဖြစ်ချင်သော ဆန္ဒများ၊ ဆုတောင်းစကားများကို သယ်ဆောင်ကာ တိမ်တိုက်များ၊ ကြယ်တာရာများကြားမှ လွင့်ပျံသွားခဲ့သည်။ မီးပုံးပျံတစ်ခုကို ပြင်ဆင်ပြုလုပ်ပြီး အောင်မြင်စွာ လွှတ်တင်နိုင်ခြင်းကို ကံကောင်းခြင်းတစ်ရပ်အနေဖြင့် ခံစားယူဆလာကြသည်။ မီးပုံးပျံကို မိုးကောင်းကင်ထက်ဆီသို့ လွှတ်တင်ခြင်းသည် လွှတ်တင်ပေးသူတို့အတွက် ကံကောင်းခြင်းများ ရရှိလာစေနိုင်သည်ဟူသော အတွေးအမြင်များကို ယုံကြည်လက်ခံလာကြသည်။

## တန်ဆောင်တိုင်မီးပုံးပျံပွဲတော် တောင်ကြီးမြို့၌ စတင်သန္ဓေတည်ခဲ့

မြန်မာနိုင်ငံတွင် တန်ဆောင်တိုင်မီးပုံးပျံပွဲတော်သည် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်စဉ်တောင်တန်း မြင့်မားသောဒေသ တောင်ကြီးမြို့၌ စတင်သန္ဓေတည်ခဲ့သည်။ တောင်ကြီးမြို့သည် ပင်လယ်ရေပြင်ထက် အမြင့် ၄၇၁၂ ပေနှင့် တောင်ချွန်းအထိ ပင်လယ်ရေပြင်အမြင့်ပေ ၅၆၀၀ ကျော် ရှိသည်။

ဗုဒ္ဓဘာသာအနွယ်ဝင် ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ ဓနု၊ အင်းသား စသည့် တိုင်းရင်းသားအများစုနေထိုင်သော မြို့တစ်မြို့ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ်ခန့်က ပအိုဝ်းကျေးရွာလေးတစ်ရွာ ဖြစ်ခဲ့ဖူးပြီး ပအိုဝ်းတိုင်းရင်းသားဘာသာဖြင့် "ဒုံတောင်ကျည်း"၊ ရှမ်းဘာသာဖြင့် "တွံတီးရွာ"ဟု ခေါ်ဆိုကြသည်။ မြန်မာတို့က "တောင်ကြီး" ဟူ၍ ခေါ်ဝေါ်ခဲ့ကြရာမှ ယခုတိုင် ထိုအမည်ဖြင့် တည်ရှိနေခဲ့ခြင်းဖြစ်သည်။

တောင်ကြီးမြို့သည် သဘာဝရေမြေတောတောင် ပတ်ဝန်းကျင်တို့၏ ဖန်တီးမှုကြောင့် တစ်ဆယ့်နှစ်ရာသီပတ်လုံး အေးမြသော ရာသီဥတုကို ခံစားကြရသည်။ မိုးတွင်းကာလတွင် စိုစွတ်အေးခဲလှပြီး မိုးလေကင်းလွတ်သည့် သီတင်းကျွတ်လကို တောင့်တတတ်ကြသည်။ သို့သော် မိုးလေကင်းလွတ်၍ ပြည့်ပြည့်ဝဝ ရာသီဥတုသာယာသောလမှာ တန်ဆောင်မုန်းလပင်ဖြစ်သည်။

## မီးပုံးပျံလွှတ်တင်ခြင်းကို ဒုတိယကမ္ဘာစစ်မတိုင်မီ ပထမဆုံးအကြိမ် လွှတ်တင်ခဲ့

တောင်ကြီးမြို့၌ တန်ဆောင်မုန်းလတွင် တန်ဆောင်တိုင်ပွဲတော်နှင့်အတူ မီးပုံးပျံလွှတ်တင်ခြင်းကို ဒုတိယကမ္ဘာစစ်မတိုင်မီ တစ်နှစ်ခန့်အလို ၁၉၃၈ ခုနှစ်တွင် ပထမဆုံးအကြိမ် လွှတ်တင်ခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။ ကုန်းသာကျောင်း ဘုန်းကြီး၏ နည်းနာညွှန်ပြချက်များအရ ပိတ်ကိုက်ပေါင်း ၄၀ ဖြင့် မီးပုံးပျံတစ်ခု ချုပ်လုပ်ခဲ့သည်။

ဦးစီးချုပ်လုပ်သူမှာ ကူညီကုန်းရပ်ကွက်တွင် နေထိုင်သည့် စာရေးကတော် ဒေါ်သင့်နှင့် အဖွဲ့ဖြစ်ကာ တောင်ကြီးတစ်မြို့လုံးမှ ဝါသနာရှင်ကာလသားများ၏ လုပ်အားဖြင့် သင်္ကန်းဟောင်းအပိုင်းအစများကို ပတ်ကာ၊ ချည်ကာ ရေနံချေးဝအောင်

*စာမျက်နှာ ၇ သို့*

- ❖ မီးပုံးပျံလွှတ်ခြင်းသည် အခက်အခဲပေါင်းစုံ၊ စိန်ခေါ်မှုပေါင်းစုံကို စုပေါင်းအားဖြင့် ရင်ဆိုင်အောင်ပွဲ ခံနိုင်သည့်အကျင့်ကို ကျင့်ခြင်းဖြစ်ကြောင်း မီးပုံးပျံ ဦးကျော်ရင်က ဆိုမိန့်ခဲ့ဖူးသည်။ လပေါင်းများစွာ အပင်ပန်းခံကာ ညီညွတ်သည့် စုပေါင်းအားဖြင့် ဖြစ်တည်လာခဲ့သည့် မီးပုံးပျံများ ကောင်းကင်ယံထက်သို့ အခက်အခဲမရှိ ပျံတက်သွားစေလို
- ❖ မြန်မာနိုင်ငံတွင် တန်ဆောင်တိုင်မီးပုံးပျံပွဲတော်သည် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်စဉ်တောင်တန်း မြင့်မားသောဒေသ တောင်ကြီးမြို့၌ စတင်သန္ဓေတည်ခဲ့၊
- ❖ တောင်ကြီးမြို့၌ တန်ဆောင်မုန်းလတွင် တန်ဆောင်တိုင်ပွဲတော်နှင့်အတူ မီးပုံးပျံလွှတ်တင်ခြင်းကို ဒုတိယကမ္ဘာစစ်မတိုင်မီ တစ်နှစ်ခန့်အလို ၁၉၃၈ ခုနှစ်တွင် ပထမဆုံးအကြိမ် လွှတ်တင်ခဲ့ကြောင်း မှတ်တမ်းများအရ သိရ၊ ကုန်းသာကျောင်း ဘုန်းကြီး၏ နည်းနာညွှန်ပြချက်များအရ ပိတ်ကိုက်ပေါင်း ၄၀ ဖြင့် မီးပုံးပျံတစ်ခု ချုပ်လုပ်ခဲ့





*စာမျက်နှာ ၆ မှ*

စိမ်ထားခဲ့ကြပြီး မီးပုံးပျံတွင် အသုံးပြုခဲ့သည်။ မီးပုံးပျံမှာ အလွန်ကြီးလှသဖြင့် မှိုင်းဝရေးမှာ အင်မတန် ခက်ခဲလှသည်။

မီးပုံးပျံကို ကုန်းသာကျောင်းကုန်းပေါ်မှပင် လွှတ်တင်ခဲ့သည်။ မီးပုံးပျံ၏အောက်တွင် ထီး၊ ချိုင့်၊ ဖိနပ်၊ အင်္ကျီ၊ လုံချည်၊ ပိတ်စ၊ ပိတ်အုပ်၊ ပန်းကန်မျိုးစုံ၊ ဆေး၊ ဆီပုံး၊ ရေနံ ဆီပုံး၊ ဆန်အိတ်ငယ်များ၊ သက်န်း၊ သပိတ်၊ နာရီနှင့် လူ့အသုံးအဆောင်ပစ္စည်းမျိုးစုံကို ပုံသကူပစ္စည်းအဖြစ် ပိတ်လေထီးများဖြင့် မီးပုံးပျံမှအောက်သို့ ဖြုတ်ချရန် ဆောင်ရွက်ထားသည်။

**ချည်ထားသည့် ကြိုးလေးပင်ကို တစ်ပြိုင်နက် ဓားရှည်ဖြင့် ခုတ်ဖြတ်ရ**

ထောင့်လေးထောင့်တွင် အရပ်လေးမျက်နှာကို စောင့်ကြပ်သော နတ်မင်းကြီး လေးရုပ်ကား အမြင့် ရှစ်ပေခန့် ပါရှိသည်။ နတ်သားတစ်ရုပ်တွင် ငွေကျပ် ၂၅ ကျပ်စီ ထည့်ထားသည်။ မီးပုံးပျံမှိုင်းဝပြီး မီးစာကိုမီးရှို့ကာ မီးပုံးပျံဆွဲပြီဟု ယူဆချိန်တွင် သစ်ပင်ငုတ်တွင် ချည်ထားသည့် ကြိုးလေးပင်ကို ဘုန်းကြီးလေးပါးက ဆရာတော် အချက်ပေးသည်နှင့်တစ်ပြိုင်နက် ဓားရှည်ဖြင့် ခုတ်ဖြတ်ရသည်။ ထိုသို့ခုတ်ဖြတ်ရာတွင် ရာဟုထောင့်မှ တာဝန်ယူခုတ်ဖြတ်ရသော ဘုန်းကြီးမှာ အနည်းငယ်နောက်ကျသွားသဖြင့် ယင်းမီးပုံးပျံသည် အရှေ့ဘက်သို့တက်သွားပြီး ထီးနှင့် ချိုင့်နှစ်ခုသာ လေထီးနှင့် ကျလာကာ အမြင့်ကိုက် ၄၀၀ ကျော်တွင် "ဝုန်း" ဟူသော အသံကျယ်ကြီးမြည်၍ မြို့ပတ်လမ်းနှင့် တောင်ကျောင်းလမ်းဆုံပန်းခြံ၌ကျပြီး မီးလောင်ခဲ့သည်။

၁၂၉၉ ခုနှစ်တွင် ဒုတိယအကြိမ် ထပ်မံကြိုးစားခဲ့ရာ အောင်မြင်ခဲ့ပြီး မီးပုံးပျံသည် တောင်စောင်းတစ်လျှောက် ဝဲပျံတက်ကာ တောင်ကြီးမြို့ အရှေ့ဘက်တောင်စဉ်ကြောမှ နွားလားဥသဘတောင်ပေါ်ရှိ ရွှေဘုန်းပွင့်စေတီရှိရာဘက်သို့ ဦးတည်၍ ပျံတက်သွားခဲ့ရာ ပုံသကူပစ္စည်းတို့က ကောင်းကင်မှ ကျလာသလို ဖြစ်သွားသဖြင့် အောက်မှ ကြည့်ရှုသူပရိသတ်များက ပျော်ရွှင်စွာ ပြေးလွှားလိုက်ပါလျက် ကျလာသည့်ပစ္စည်းများကို ကောက်ယူခဲ့ကြကြောင်း မှတ်သားရသည်။

ဒုတိယအကြိမ် မီးပုံးပျံလွှတ်တင်သည့် ၁၂၉၉ ခုနှစ် တန်ဆောင်မုန်းလမှ အစပြုခဲ့သည့် တောင်ကြီးမြို့၏ မီးပုံးပျံလွှတ်တင်ပူဇော်မှုကို လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့ကြသည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။

**မီးပုံးပျံပွဲသည် စုပေါင်းအားဖြင့် ဖော်ဆောင်ရသည့် ပွဲတော်တစ်ခုဖြစ်**

တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲသည် ညီညွတ်သည့် စုပေါင်းအား၊ ဖွဲ့လုံ့လ၊ ဝီရိယတို့ဖြင့် စုစည်းဖော်ဆောင်ရသည့် ပွဲတော်တစ်ခုဖြစ်သည်။

- **မီးပုံးပျံသုံးမျိုးရှိလေသည်။ နေ့ဘက်လွှတ်တင်သည်က အရုပ်မျိုးစုံ၊ ညဘက်က ညမီးကြီးနှင့် စိန်နားပန်တို့ဖြစ်ကြသည်။ ညမီးကြီးကား မီးရောင်စုံပါသလို မီးရှူးမီးပန်းလေးများက လေထဲရောက်မှ လှုလှုပပပေါက်ကွဲကြလေသည်။ စိန်နားပန်ကလည်း ဆင့်ပိုးသွယ်ယှက်ထားသည့် မီးပုံးအသေးလေးများ၊ စာတမ်းများဖြင့် အမြင်တစ်မျိုးဆန်းကာလှပ**
- **ထိုအခြင်းအရာသည် ရှမ်းတိုင်းရင်းသားများ၏ အမျိုးသားရေးစိတ်ဓာတ်၊ ညီညွတ်သည့် စုပေါင်းအင်အား၊ တန်းတူရည်တူရှိမှု၊ မျှဝေခံစားမှု စသည့် ဒီမိုကရေစီစံနှုန်းများကို ထင်ဟပ်သည့် သမိုင်းအဆက်ဆက် နွှဲပျော်ခဲ့သည့် ပွဲတော်တစ်ခုဖြစ်**
- **နှစ်စဉ်တန်ဆောင်မုန်းလရောက်တိုင်း ကျင်းပသည့် တန်ဆောင်တိုင်မီးပုံးပျံပွဲတော်သည် မြန်မာသာမက ကမ္ဘာအထိပါ ပျံ့နှံ့ထင်ရှားသည့် မြန်မာတို့၏ အခမ်းနားဆုံး ရိုးရာယဉ်ကျေးမှုအမွေအနှစ်ပွဲတော်တစ်ခုလည်းဖြစ်သည်။ တီထွင်မှု၊ စုပေါင်းစွမ်းအား၊ အသင်းအဖွဲ့ဖြင့် စုပေါင်းလုပ်ဆောင်တတ်မှုတို့ကို ပျိုးထောင်ပေးသည့် တန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကြီးကို တစ်နှစ်ထက်တစ်နှစ် ခမ်းနားထည်ဝါစွာ ကျင်းပပြီး ကမ္ဘာတည်သရွေ့ ဆက်လက်တည်ရှိနေအောင် ဝိုင်းဝန်းလက်ဆင့်ကမ်းထိန်းသိမ်း**

မီးပုံးပျံပွဲကျင်းပရန် တစ်နှစ်ပတ်လုံး အားခဲထားကြရသည်။ မိုင်းကိုင်အရပ်မှထွက်သည့် စက္ကူ၊ ဒေသထွက်ဝါးများ၊ ယမ်းထုပ်များ စပ်ကြရသည်အထိ တာဝန်ကိုယ်စီခွဲ၍ အားထုတ်လုပ်ကိုင်ကြရသည်။ ကျားကုတ်ကျားခဲ ဆင်နွှဲကြရသည်။

မီးပုံးပျံလွှတ်တင်ခြင်းသည် သူ့နေရာနှင့်သူ စုပေါင်းတာဝန်ယူမှုရှိသည်ဟု ဆိုရမည်။ ရက်ပေါင်းများစွာ အပင်ပန်းခံကာ ကိုယ်ရောစိတ်ပါ နှစ်မြှုပ်ထားကြရသည်။ ပြိုင်ပွဲဝင်မည့်နေ့၊ ညရောက်မှ ကွင်းထဲဝင်ရ၏။ သံဖရိန်လေးထပ်နှင့် မီးစာတင်ကားများ၊ ယမ်းတင်ကားများ၊ မီးပုံးပျံတင်ကားများက တန်းစီဝင်လာကြစဉ် အဖွဲ့တစ်ဖွဲ့၏ အမည်ကို ကြေညာလိုက်သည်နှင့်တစ်ပြိုင်နက် ပရိသတ်များက အဖွဲ့၏နာမည်ကို သံပြိုင်ဟစ်အော်ကာ အားပေးကြ၏။

မီးပုံးပျံ သုံးမျိုးရှိလေသည်။ နေ့ဘက်လွှတ်တင်သည်က အရုပ်မျိုးစုံ၊ ညဘက်က ညမီးကြီးနှင့် စိန်နားပန်တို့ဖြစ်ကြသည်။ ညမီးကြီးကား မီးရောင်စုံပါသလို မီးရှူးမီးပန်းလေးများက လေထဲရောက်မှ လှုလှုပပပေါက်ကွဲကြလေသည်။ စိန်နားပန်ကလည်း ဆင့်ပိုးသွယ်ယှက်ထားသည့် မီးပုံးအသေးလေးများ၊ စာတမ်းများဖြင့် အမြင်တစ်မျိုးဆန်းကာလှပသည်။

မီးပုံးပျံလွှတ်တင်မည့်အဖွဲ့က စုပေါင်းအားပြု၍ မီးပုံးပျံ၏မီးစာကိုရှို့ကာ လေတဟူးဟူး အောက်တွင် မီးပုံးပျံမကျအောင်၊ မီးမလောင်ကျွမ်းရအောင် ကြိုးများဖြင့် ချွေးဒီးဒီးကျ ဝိုင်းထိန်းနေရသလို ပရိသတ်အပေါင်းကလည်းရင်တမမနှင့်အောင်အောင်မြင်မြင် လွှတ်တင်နိုင်ရေး စိတ်လှုပ်ရှားစွာ မျှော်လင့်စောင့်စားနေကြရသည်။

ကောင်းကင်ယံထက် လွင့်ပျံတက်လာသည့် မီးပုံးပျံ၏ တစ်မျိုးပြီးတစ်မျိုး ပြောင်းနေသည့် ရောင်စုံမီးပန်းများကို မြင်တွေ့ခွင့်ရသည့်အချိန်တွင် မီးပုံးပျံလွှတ်တင်သူများနှင့်အတူ ကွင်းလုံးပြည့်လျှံနေသည့် ပရိသတ်အပေါင်းက ရွှင်မြူးတက်ကြွစွာ အောင်ပွဲခံ ပျော်ရွှင်ကြရသည်။

ထိုအခြင်းအရာသည် ရှမ်းတိုင်းရင်းသားများ၏ အမျိုးသားရေးစိတ်ဓာတ်၊ ညီညွတ်သည့် စုပေါင်းအင်အား၊ တန်းတူရည်တူရှိမှု၊ မျှဝေခံစားမှု စသည့် ဒီမိုကရေစီစံနှုန်းများကို ထင်ဟပ်သည့် သမိုင်းအဆက်ဆက် နွှဲပျော်ခဲ့သည့် ပွဲတော်တစ်ခုဖြစ်သည်။

**နိုဝင်ဘာလ ၅ ရက်နေ့မှ ၇ ရက်နေ့ အထိ ရက်တိုးကျင်းပ**

ယခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို အောက်တိုဘာလ ၂၉ ရက်နေ့မှ နိုဝင်ဘာလ ၅ ရက်နေ့အထိ ကျင်းပရန် လျာထားဆောင်ရွက်ခဲ့သော်လည်း မိုးလေဝသအခြေအနေအရ ညမီးကြီး၊ စိန်နားပန် မီးပုံးပျံပြိုင်ပွဲရက်များတွင် သတ်မှတ်မီးပုံးပျံအရေအတွက်အတိုင်း လွှတ်တင်နိုင်ခြင်းမရှိခဲ့သဖြင့် နိုဝင်ဘာလ ၅ ရက်နေ့မှ ၇ ရက်နေ့အထိ ရက်တိုးကျင်းပလျက်ရှိသည်။ ပြိုင်ပွဲများအပြီး နိုဝင်ဘာလ ၈ ရက်နေ့ ညနေပိုင်းတွင် ပြိုင်ပွဲဝင် မီးပုံးပျံများ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ထို့အတူ ပြိုင်ပွဲဝင် မီးပုံးပျံပညာရှင်များ၏ ဝါသနာ၊ စေတနာ၊ ငွေကြေးနှင့် အချိန်ယူပြီး ကြိုးစားအားထုတ် ပါဝင်ယှဉ်ပြိုင်မှုများကို လေးစားအသိအမှတ်ပြုတန်ဖိုးထားပြီး မီးပုံးပျံပညာရှင်များက ကြိုးစားအားထုတ်တီထွင်ဖန်တီးထားသည့် ညမီးကြီးနှင့် စိန်နားပန် မီးပုံးပျံလက်ရာများကို မီးပုံးပျံပွဲတော်ဝါသနာရှင်ပရိသတ်ပြည်သူများ ကြည့်ရှုအားပေးနိုင်ရန် ပိတ်ပွဲအခမ်းအနား၌ ဂုဏ်ပြုစိန်နားပန်မီးပုံးပျံ၊ ညမီးကြီးမီးပုံးပျံများလွှတ်တင်ခြင်း၊ မီးရှူး မီးပန်းအလှများလွှတ်တင်ခြင်းတို့ဖြင့် ခမ်းခမ်းနားနား ကျင်းပသွားမည်ဖြစ်ရာ မီးပုံးပျံပွဲတော်ဝါသနာရှင်ပြည်သူအပေါင်း ပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်ရေး သတင်းစကားပါးလိုပါသည်။

**တန်ဆောင်တိုင်ပွဲတော် ခြိမ့်ခြိမ့်သဲကျင်းပနိုင်ခဲ့**

ရှမ်းအိုးစည်သံ တထုံထုံ၊ မောင်းသံတဒူဒူအောက်တွင် ကကြ၊ ခုန်ကြ၊ ပီတိမျက်ရည်ကျကြရသည်အထိ အောင်ပွဲခံကြရသည့် ရှမ်းပြည်နယ်၏ ရိုးရာယဉ်ကျေးမှု တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကဲ့သို့ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်တွင် ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့်ကြိတ်ကြိတ်တိုး တစ်ခဲနက်အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။ ထို့အတူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌လည်းကောင်း၊ နိုင်ငံတစ်ဝန်း၌လည်းကောင်း တန်ဆောင်တိုင်ပွဲတော်ကို ခြိမ့်ခြိမ့်သဲ အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့သည်ကို တွေ့ရသည်။

နှစ်စဉ်တန်ဆောင်မုန်းလရောက်တိုင်း ကျင်းပသည့် တန်ဆောင်တိုင်မီးပုံးပျံပွဲတော်သည် မြန်မာသာမက ကမ္ဘာအထိပါ ပျံ့နှံ့ထင်ရှားသည့် မြန်မာတို့၏ အခမ်းနားဆုံး ရိုးရာယဉ်ကျေးမှုအမွေအနှစ်ပွဲတော်တစ်ခုလည်းဖြစ်သည်။ တီထွင်မှု၊ စုပေါင်းစွမ်းအား၊ အသင်းအဖွဲ့ဖြင့် စုပေါင်းလုပ်ဆောင်တတ်မှုတို့ကို ပျိုးထောင်ပေးသည့် တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကြီးကို တစ်နှစ်ထက်တစ်နှစ် ခမ်းနားထည်ဝါစွာကျင်းပပြီး ကမ္ဘာတည်သရွေ့ ဆက်လက်တည်ရှိနေအောင် ဝိုင်းဝန်းလက်ဆင့်ကမ်းထိန်းသိမ်းကြပါစို့ဟု ရေးသားတင်ပြလိုက်ရပါသည်။ ။

# ကယားပြည်နယ် လွိုင်ကော်မြို့၌ တန်ဆောင်မုန်းလပြည့်နေ့ တန်ဆောင်တိုင်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

**လွိုင်ကော် နိုဝင်ဘာ ၅**

ကယားပြည်နယ် အစိုးရအဖွဲ့က ကြီးမှူး၍ တန်ဆောင်မုန်းလပြည့်နေ့ တန်ဆောင်တိုင်ပွဲတော်၊ နိဗ္ဗာန်ဈေးပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲကို ယမန်နေ့ညက လွိုင်ကော်မြို့ ပြည်နယ်ခန်းမနှင့် ကန္ဒာဟောဝန်ပန်းခြံ ကျောက်သားရင်ပြင်၌ ကျင်းပသည်။



ပွဲတော်သို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ရပ်နီးရပ်ဝေးမှ ပြည်သူများ တစ်ခဲနက်တက်ရောက်ဆင်နွှဲကြသည်။

တန်ဆောင်မုန်းလပြည့်နေ့ တန်ဆောင်တိုင်ပွဲတော်၊ နိဗ္ဗာန်ဈေးပွဲတော်တွင် ကယားပြည်နယ်အစိုးရအဖွဲ့ စတုဒိသာမဏ္ဍပ်၊ ဝန်ကြီးဌာနအလိုက် စတုဒိသာမဏ္ဍပ်များ၊ စေတနာရှင်၊ အလှူရှင်ပြည်သူများ၏ စတုဒိသာမဏ္ဍပ်များ၌ မြန်မာ့ရိုးရာအစားအစာများနှင့် မြန်မာမုန့်မျိုးစုံတို့ကို ကုသိုလ်ပြုဧည့်ခံကျွေးမွေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပွဲတော်လာဧည့်ပရိသတ်များအား ဧည့်ခံကျွေးမွေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ ပွဲတော်သို့ လာရောက်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စကားများ ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများနှင့် ကန္ဒာဟောဝန်ပန်းခြံ ကျောက်သားရင်ပြင်ကွင်းအတွင်း၌ ပွဲတော်လာဧည့်ပရိသတ်များက စိန်နားပန်မီးပုံးပျံများနှင့် မီးပုံးပျံငယ်များ လွှတ်တင်ပူဇော်မှုကို ကြည့်ရှုအားပေးပြီး မီးရှူးမီးပန်းများ ပစ်ဖောက်၍ ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲကြကာ ကန္ဒာဟောဝန်ပန်းခြံ ကျောက်သားရင်ပြင်တွင် နိုင်ငံကျော် တေးသံရှင်များ၏ တန်ဆောင်တိုင်ပွဲတော် တေးဂီတဖျော်ဖြေပွဲကို ကြည့်ရှုအားပေးသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် လွိုင်ကော်မြို့အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် စေတနာရှင်အလှူရှင်များက ဆွမ်းဆန်တော်များ လောင်းလှူကုသိုလ်ပြုကြပြီး ဘုရားစေတီပုထိုးများတွင် ဥပုသ်သီလဆောက်တည် တရားဘာဝနာပွားများသူများ၊ ဘုရားဖူးဧည့်သည်များ၊ နောင်ယားကန်သာနှင့် ထေးငှားလျားကန်သာတို့တွင် အပန်းဖြေအနားယူသူများဖြင့် စည်ကားများပြားခဲ့ကာ ညပိုင်း၌ ဘုရားစေတီပုထိုးများ၊ ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဌာနဆိုင်ရာရုံးများနှင့် ရပ်ကွက်များတွင် ဆီမီးများနှင့် လျှပ်စစ်မီးအလှများ ထွန်းညှိပူဇော်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ တန်ဆောင်တိုင်ပွဲတော်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၅**

အနောက်မြောက်တိုင်း စစ်ဌာနချုပ်၏ တန်ဆောင်တိုင်ပွဲတော်ကို ယမန်နေ့ညနေပိုင်းက တိုင်းစစ်ဌာနချုပ်ရှိ ဇေယျာသီရိခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွေးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မီးပုံးပျံ လွှတ်တင်ခြင်းနှင့် မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်းကို အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်အတူ ပါဝင်ဆင်နွှဲကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်း၊ တေးသရုပ်ဖော်များဖြင့် ကပြဖျော်ဖြေခြင်းတို့ကို လိုက်လံကြည့်ရှုအားပေးပြီး တန်ဆောင်တိုင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အုတ်တွင်းမြို့နယ်၌ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေး

**အုတ်တွင်း နိုဝင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အတွင်း အသက်တစ်နှစ်ခွဲအောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းက ဈေးရပ်ကွက်ရှိ ဘုန်းတော်ကြီးကျောင်းဝင်း၌ ထိုးနှံပေးသည်။

ပုံမှန်ကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ သားဖွားဆရာမ ဒေါ်နှင်းယမုံဝေ ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက ကလေးငယ်များအား ပေါင်ချိန်တိုင်းခြင်း၊ ကိုယ်အပူချိန်တိုင်းခြင်း၊ ဆုံဆို့နာ၊ ကြက်ညှာချောင်းဆိုး၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင်ရောဂါစသည့်ငါးမျိုးစပ်ကာကွယ်ဆေး၊ ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး၊ ဝက်သက်- ဂျိုက်သိုးရောဂါကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗီ)ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ပိုလီယိုအစက်ချဆေးတိုက်ကျွေးခြင်းတို့အပြင် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ မေးခိုင်ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ လစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှသိရသည်။ **ခင်ခင်မာ(ပြန်/ဆက်)**



## နေ့စဉ်လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျှော့ကျစေခြင်း။
- နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါ ဖြစ်ပွားမှုကို လျှော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကို လျှော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရအရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်နယ်ပြည်သူ့ဆေးရုံကြီး(ဘားအံ)၌ ဆရာဝန်အိမ်ရာတစ်လုံးမင်္ဂလာပန္နက်တင်



**ဘားအံ နိုဝင်ဘာ ၅**

နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်နယ်ပြည်သူ့ဆေးရုံကြီး(ဘားအံ)၏ လေးခန်းတွဲ၊ လေးထပ် ဆရာဝန်အိမ်ရာတစ်လုံး တည်ဆောက်ခြင်းလုပ်ငန်း ပန္နက်တင်မင်္ဂလာကို ယနေ့နံနက်ပိုင်းက အဆိုပါအဆောက်အအုံ တည်ဆောက်မည့်နေရာ၌ ကျင်းပသည်။

အဆိုပါအိမ်ရာကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့ (၁၃) က တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်ဝန်ကြီးများက ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်လာကြသော ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ သတ်မှတ်နေရာများတွင် နေရာယူကြပြီး မင်္ဂလာအချိန်တွင် ရတနာပန္နက်များကိုစိုက်ထူ၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့ ကန်သာယာရေပြင်အတွင်း ငါးမျိုးစိုက်ထည့်သည့်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဖွဲ့ကပင်ခန်းမရှေ့ရှိ Steel Structure Decking ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ရှင်သန်ကြီးထွားရန် အကောင်းဆုံးအရွယ်ရှိသော ငါးခုံးမကြီးကောင်ရေ ငါးသောင်း၊ ငါးမြစ်ချင်းကောင်ရေငါးသောင်းကို ကန်သာယာသဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ပေးကြသည်။

ထို့နောက် နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ရိုးရာလှေလှော်ပြိုင်ပွဲဖွင့်ပွဲကို ဘားအံမြို့ ကန်သာယာရေပြင်၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ အဆိုပါပြိုင်ပွဲသို့ ရပ်ကွက်/ကျေးရွာ အုပ်စုများမှ (၂၀)တက်လှော် အမျိုးသား ၁၀ သင်း၊ အမျိုးသမီး ရှစ်သင်း၊ (၇) တက်လှော်အမျိုးသား ၁၅ သင်း၊ အမျိုးသမီး ၁၂ သင်း၊ (၅)တက်လှော်အမျိုးသား ၁၅ သင်း၊ အမျိုးသမီး ၁၂ သင်း ဝင်ရောက်ပြိုင်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များက ပြိုင်ပွဲဝင်ရိုးရာလှေလှော်အသင်းများအား ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရိုးရာလှေလှော်ပြိုင်ပွဲ အမျိုးသား/အမျိုးသမီး(၅)တက်လှော်ပြိုင်ပွဲ၊ (၇)တက်လှော်ပြိုင်ပွဲနှင့် (၂၀)တက်လှော်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို စတင်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။ အဆိုပါပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက်မှ ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အနိုင်ရဗိုလ်စွဲသော လှေလှော်အသင်းများကို ထိုက်ထိုက်တန်တန်ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော တန်ဆောင်တိုင်ပွဲတော် နိဗ္ဗာန်ဈေး၊ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ၊ မီးပုံးအလှထွန်းညှိခြင်းတို့ကို တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့ ညနေပိုင်းက ဘားအံမြို့ အမှတ်(၁) ရပ်ကွက် ကျော်ဇေယျလမ်းနှင့် မာန်းနဲစန်လမ်းတို့တွင် ဆင်ယင်ကျင်းပရာ အနယ်နယ်အရပ်ရပ်မှပါဝင်ဆင်နွှဲကြသူများဖြင့် ကြက်ပျံမကျစည်ကားခဲ့သည်။

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ကရင်ပြည်နယ်တန်ဆောင်တိုင်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့ အမှတ်(၁)ရပ်ကွက် ကျော်ဇေယျလမ်းနှင့် မာန်းနဲစန်လမ်းတို့တွင် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်ကုမ္ပဏီများ၊ ရပ်ကွက်/ကျေးရွာများမှ ပုဂ္ဂလိကအလှူရှင်များ၏ စတုဒိသာမဏ္ဍပ် ၅၉ ခု၌ စုပေါင်းကုသိုလ်ပြုနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် တန်ဆောင်တိုင်မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို ဘားအံမြို့ မာန်းနဲစန်လမ်း၊ ကျော်ဇေယျလမ်းနှင့် ရန်မျိုးအောင်လမ်းဆုံမီးပုံးပျံကွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က မင်္ဂလာရွှေမောင်းသုံးချက်တီးခတ်၍ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကိုဖွင့်လှစ်ပေးပြီး ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့်ပြည်သူများက မီးပုံးပျံ(အသေး) အလုံး ၁၀၀ တို့ကို လွှတ်တင်ပူဇော်ကြသည်။ တန်ဆောင်တိုင်မီးထွန်းပွဲတော်အနေဖြင့် ကန်သာယာပတ်လမ်းနှင့်ဦးပေါက်လမ်း တစ်လျှောက်တို့တွင် မီးအိမ် ၇၅၀ အလှဆင်ထွန်းညှိပူဇော်ခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဆိုပါလမ်းတစ်လျှောက် ကြည့်ရှုအားပေးခဲ့ကြသည်။

သာမညဖလအခါတော်နေ့တွင် ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ မြတ်ဗုဒ္ဓအားရည်မှန်း၍ မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ နိဗ္ဗာန်ဈေး စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း၊ မီးပုံးအလှများ ထွန်းညှိပူဇော်ခြင်းတို့တွင် အနယ်နယ်အရပ်ရပ်မှ ပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကားများပြားသကဲ့သို့ ကျောင်းကန်ဘုရားများတွင် ဥပုသ်သီတင်းသီလ ခံယူဆောက်တည် ကြသူများ၊ ဘုရားဖူးလာရောက်ကြသူများ၊ အများပြည်သူဆိုင်ရာနေရာများ၊ ခရီးစဉ်ဒေသများနှင့် အထင်ကရနေရာများတွင် အနားယူအပန်းဖြေကြသူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း**
**(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၅**

၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော်အားကစားရုံ (A) ရုံ၌ ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် တက်ရောက်သည်။

အဆိုပါ ဖူဆယ်ပြိုင်ပွဲသို့ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စစ်တီးဝိုင်းအဖွဲ့က ကွင်းအတွင်းဝင်ရောက်နေရာယူပြီး စစ်ရေးပြမှူးကြီး ဦးဆောင်သောအားကစားအသင်း ၁၄ သင်းမှ အားကစားသမားများ နေရာယူကြသည်။ ထို့နောက် စစ်ရေးပြမှူးကြီး ဦးဆောင်၍ အားကစားအသင်း ၁၄ သင်းမှ အားကစားသမားများက တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်အား အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်က အမှာစကားပြောကြားသည်။ ယင်းနောက် စစ်ရေးပြမှူးကြီးဦးဆောင်၍ ပြိုင်ပွဲဝင်အသင်းများက ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ထို့နောက် တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖလား ဖူဆယ်ပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲအဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား ၁၀ ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဖူဆယ်ပြိုင်ပွဲများကို နိုဝင်ဘာ ၁၇ ရက်အထိ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကံမမြို့၌ အသက်(၈၅)နှစ်အထက် အဘိုးအဘွားများနှင့် အငြိမ်းစားဝန်ထမ်းများအား အခမဲ့ဆေးကုသပေး

**ကံမ နိုဝင်ဘာ ၅**

မကွေးတိုင်းဒေသကြီး ကံမမြို့ပြည်သူ့ဆေးရုံ၌ အသက်(၈၅)နှစ်အထက် အဘိုးအဘွားများနှင့် ပင်စင်စားအငြိမ်းစားဝန်ထမ်းများအား ဆီးချိုသွေးချို၊ သွေးတိုးနှင့် နှလုံးရောဂါများ စစ်ဆေးပေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံ၌ အခမဲ့စမ်းသပ်စစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးကုသရာတွင် ကိုယ်အလေးချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ဆီးချို သွေးချို စစ်ဆေးပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေး၍ လိုအပ်သည့် ကုသမှုများအား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသက်ဦးဟန်၊ လက်ထောက်ဆရာဝန်နှင့် ကျန်းမာရေး ဆရာမများက အခမဲ့စစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း စမ်းသပ်စစ်ဆေးကုသပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# လူတစ်ဦးချင်းစီ၏ အခွင့်အရေးနှင့် ဝန်ဆောင်မှုများကို ရရှိစေမည့် မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင် စာရင်းအင်း

သန်းဇော်(ဗဟိုစာရင်းအင်းအဖွဲ့)

❖ **ယုံကြည်စိတ်ချရသော မွေးဖွားမှုနှင့် သေဆုံးမှုစာရင်းအင်းများသည် ကောင်းမွန်သော အုပ်ချုပ်ရေးလုပ်ငန်းစဉ်များအတွက် အလွန်အရေးပါပါသည်။ မွေးဖွားမှုနှင့် သေဆုံးမှုတို့မှ လူဦးရေတိုးပွားမှုနှင့် ပျံ့နှံ့နေထိုင်မှုတို့ကိုသိရှိနိုင်ပြီး ကျောင်းများ၊ ဆေးရုံများနှင့် အခြေခံအဆောက်အအုံများ မည်သည့်နေရာတွင် တည်ဆောက်ရမည်ကို သတင်းအချက်အလက်ပေးလျက်ရှိပါသည်။ ထို့အပြင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းများစသည့်အရင်းအမြစ်များ ခွဲဝေသုံးစွဲမှုကိုလည်း အထောက်အကူပြုနိုင်ပါသည်**

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)တို့ ပူးပေါင်းဖွင့်လှစ်သည့် Refresher Training for ICD–10 Coding and Introduction of ICD–11 Coding သင်တန်းဆင်းပွဲ အခမ်းအနားကို ၃၁-၁၀-၂၀၂၅ ရက်နေ့က တက်ရောက်ခဲ့ပြီး Review Meeting and Expansion of Mobile Birth and Death Registration သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၁-၁၁-၂၀၂၅ ရက်နေ့တွင် တက်ရောက်ခဲ့ရခြင်းက မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်စာရင်းအင်း၏ အရေးပါပုံကို အတွေးထဲ ဝင်ရောက်လာစေခဲ့သည်။

သင်တန်းမှာ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနနှင့် ဗဟိုစာရင်းအင်းအဖွဲ့ ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေးအတွက် ဖွင့်လှစ်ပို့ချသည့် သင်တန်းဖြစ်ပြီး WHO မှ ဘာသာရပ်ကျွမ်းကျင်သူက ပို့ချသည့် သင်တန်းဖြစ်ပါသည်။

မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်းသည် ကလေးများမွေးဖွားမှုအချက်အလက်ကို လည်းကောင်း၊ သေဆုံးမှုတွင် မည်သည့်အကြောင်းရင်းများကြောင့် သေဆုံးရသည်ကိုလည်းကောင်း မှတ်တမ်းတင်ခြင်းဖြစ်သည့်အတွက် နိုင်ငံတစ်နိုင်ငံ၏ လူဦးရေဆိုင်ရာစာရင်းအင်းတွင် အခြေခံအကျဆုံးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး မရှိမဖြစ်ဆောင်ရွက်ရမည့် လုပ်ငန်းလည်းဖြစ်ပါသည်။ လူတစ်ဦးချင်းစီ၏ အခွင့်အရေးနှင့် ဝန်ဆောင်မှုများကို ရရှိစေရန် လိုအပ်သော တရားဝင်အထောက်အထားများကို မွေးဖွားမှုမှတ်ပုံတင်ခြင်းမှရရှိစေပြီး သေဆုံးမှုအကြောင်းရင်းကို သေဆုံးမှုမှတ်ပုံတင်ခြင်းမှ ရရှိနိုင်ပါမည်။

ယင်းတို့သည် ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများ၊ စီမံကိန်းများချမှတ်နိုင်ရန်အတွက် အရေးပါသော လူဦးရေဆိုင်ရာ အချက်အလက်များကို ပံ့ပိုးပေးမည်ဖြစ်ပါသည်။ ကမ္ဘာ့ဘဏ်၏ အချက်အလက်များအရ ကမ္ဘာပေါ်ရှိ လူဦးရေ၏ ၁ ဘီလီယံခန့်သည် တရားဝင်မှုအထောက်အထားများကင်းမဲ့နေပြီး ၎င်းတို့အနက် အများစုမှာ မွေးဖွားစဉ်က မှတ်ပုံတင်ခြင်းမရှိခဲ့ကြောင်း ဖော်ပြထားပါသည်။ အလားတူပင် ကမ္ဘာ့သေဆုံးမှုအားလုံး၏ သုံးပုံနှစ်ပုံခန့်သည်လည်း မှတ်ပုံတင်ထားခြင်းမရှိသော သေဆုံးမှုများဖြစ်ကြောင်း တွေ့ရှိရပါသည်။

မွေးဖွားမှုနှင့် သေဆုံးမှုစာရင်းအင်းများသည် လူဦးရေစာရင်းအင်းပညာ (Demography) ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ သန်းခေါင်စာရင်းကောက်ယူခြင်းဖြင့် လူဦးရေစာရင်းအင်းကို ရရှိနိုင်သကဲ့သို့ မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်းသည်လည်း လူဦးရေစာရင်းအင်းစုဆောင်းသည့် နည်းလမ်းတစ်မျိုးဖြစ်ပါသည်။

**တရားဝင်အထောက်အထား**

မွေးစာရင်းသည် ကလေးတိုင်း၏ ပထမဦးဆုံး ပိုင်ဆိုင်သည့် အခွင့်အရေးတစ်ရပ်ဖြစ်ပြီး တရားဝင်အထောက်အထားအတွက် အခြေခံအကျဆုံး စာရွက်စာတမ်း ဖြစ်ပါသည်။ မွေးစာရင်းမရှိပါက ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုကာကွယ်စောင့်ရှောက်မှု အခွင့်အလမ်းများ ဆုံးရှုံးနိုင်ပါသည်။ မွေးစာရင်းအထောက်အထားမရှိခြင်းကြောင့် ဆန္ဒမဲပေးပိုင်ခွင့်၊ ပိုင်ဆိုင်မှုဆက်ခံခွင့်နှင့် အခြားနိုင်ငံဝင်ရောက်ခွင့်စသည့် အခွင့်အရေးများလည်း ဆုံးရှုံးနိုင်ပါသည်။

သေဆုံးမှုစာရင်းသည်လည်း အမွေဆက်ခံသူများအတွက် ပိုင်ဆိုင်မှုဆိုင်ရာ အရေးကိစ္စများဖြေရှင်းရန်၊ အသက်အာမခံတောင်းခံရန်၊ တရားဝင်အိမ်ထောင်ထပ်မံပြုရန် စသည့် အခွင့်အရေးများအတွက် အလွန်အရေးကြီးပါသည်။ ထို့အပြင် သေဆုံးရသည့်အကြောင်းရင်းများသည် ကျန်းမာရေးမူဝါဒချမှတ်သူများအတွက် အခြေခံအကျဆုံးသော အထောက်အပံ့ကို ဖြစ်စေပါသည်။ သေဆုံးရသည့် အဓိကအကြောင်းအရာများကို သိရှိခြင်းကြောင့် မည်သည့်ရောဂါများ အဖြစ်များသည်၊ ကူးစက်ရောဂါဖြစ်သည် စသည်ဖြင့် တိတိကျကျ ခွဲခြားသိရှိနိုင်ပြီး အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။

ယုံကြည်စိတ်ချရသော မွေးဖွားမှုနှင့် သေဆုံးမှုစာရင်းအင်းများသည် ကောင်းမွန်သောအုပ်ချုပ်ရေးလုပ်ငန်းစဉ်များအတွက် အလွန်အရေးပါပါသည်။ မွေးဖွားမှုနှင့် သေဆုံးမှုတို့မှ လူဦးရေတိုးပွားမှုနှင့် ပျံ့နှံ့နေထိုင်မှုတို့ကိုသိရှိနိုင်ပြီး ကျောင်းများ၊ ဆေးရုံများနှင့် အခြေခံအဆောက်အအုံများ မည်သည့်နေရာတွင် တည်ဆောက်ရမည်ကို သတင်းအချက်အလက်ပေးလျက်ရှိပါသည်။ ထို့အပြင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းများ စသည့်အရင်းအမြစ်များ ခွဲဝေသုံးစွဲမှုကိုလည်း အထောက်အကူပြုနိုင်ပါသည်။

**အရည်အသွေးမြင့် မွေးဖွားမှုနှင့် သေဆုံးမှုစာရင်းအင်း**

မွေးဖွားမှုနှင့် သေဆုံးမှုစာရင်းအင်းအချက်အလက်များမှတစ်ဆင့် အနာဂတ်လူဦးရေကိုခန့်မှန်းနိုင်ရန်နှင့် လူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာရေးဆိုင်ရာ မူဝါဒများနှင့် မဟာဗျူဟာများကို ချမှတ်အကောင်ထည်ဖော်ဆောင်ရွက်နိုင်ရေးတို့အတွက် အရည်အသွေးမြင့်သည့် ဖွားသေစာရင်းအင်းများ ဖြစ်စေရန် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

အရည်အသွေးမြင့်သော မွေးဖွားမှုနှင့် သေဆုံးမှုစာရင်းအင်းများရရှိစေခြင်းသည် လူဦးရေပြောင်းလဲမှုပုံသဏ္ဍာန်ကို တိကျစွာသိရှိနိုင်ခြင်း၊ လူဦးရေ၏ လိုအပ်ချက်အပေါ် ပိုမိုထိရောက်သည့် မူဝါဒများ ချမှတ်အကောင်ထည်ဖော်နိုင်ခြင်းနှင့် အရင်းအမြစ်များကို စနစ်တကျခွဲဝေသုံးစွဲနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်သော်လည်း မွေးဖွားမှုနှင့် သေဆုံးမှုစာရင်းအင်း အရည်အသွေးကို ထိခိုက်စေသည့် မှတ်ပုံတင်ခြင်းလုပ်ငန်းတွင် ပြည့်စုံမှန်ကန်မှု မရှိခြင်းနှင့် နောက်ကျမှတ်ပုံတင်ခြင်းတို့ကြောင့် လူဦးရေပြောင်းလဲမှု စာရင်းအင်းအပေါ် သက်ရောက်မှုများ ရှိစေပါသည်။

မွေးဖွားမှုနှင့် သေဆုံးမှုစာရင်းအင်းဆိုင်ရာ အခန်းကဏ္ဍတွင် ပြည့်စုံသောစာရင်းအင်း အချက်အလက်များသည် လူသားတို့၏ အနာဂတ်အခွင့်အလမ်းဖြစ်သောကြောင့် ထိုစာရင်းအင်းများကို နည်းပညာအကူအညီဖြင့် မှန်ကန်သော စာရင်းအင်းများ၊ အရည်အသွေးပြည့်ဝသော စာရင်းအင်းများ ဖြစ်ပေါ်လာစေရေး အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ လူဦးရေသန်းခေါင်စာရင်းကောက်ယူမှုကို ၁၀ နှစ်လျှင် တစ်ကြိမ်သာ ကောက်ယူခြင်းဖြစ်သည့်အတွက် မွေးဖွားမှုနှင့် သေဆုံးမှုဆိုင်ရာ အချက်အလက်များသည် အရည်အသွေးပြည့်ဝသော စာရင်းအင်းများဖြစ်လာပါက အနာဂတ်လူဦးရေနှင့်စပ်လျဉ်းသည့် လူဦးရေဆိုင်ရာ အချက်အလက်များကို အနီးစပ်ဆုံးခန့်မှန်းနိုင်မည် ဖြစ်ပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော နည်းပညာများကြောင့် အချက်အလက်များ စုဆောင်းရာတွင် တိကျသော စာရင်းအင်းများကို ပိုမိုမြန်ဆန်စွာ ကောက်ယူနိုင်ခြင်း၊ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ခြင်း၊ အချက်အလက်များကို ထိရောက်စွာစီမံခန့်ခွဲနိုင်ခြင်း၊ အချက်အလက်များ ထိန်းသိမ်းမှုစွမ်းရည်မြင့်မားနိုင်ခြင်းနှင့် အရည်အသွေးရှိသော စာရင်းအင်းများ တွက်ချက်ထုတ်ပြန်နိုင်ခြင်းတို့ ဖြစ်ပေါ်လာပါသည်။ ထို့ကြောင့် နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုသည် နိုင်ငံတစ်နိုင်ငံ၏ အရေးကြီးသော မွေးဖွားမှုနှင့် သေဆုံးမှုစာရင်းအင်းများ၏ အရည်အသွေးများ ပိုမိုတိကျကောင်းမွန်မှုကို ရရှိစေမည် ဖြစ်ပါသည်။

**Mobile Birth and Death Registration (MBDR)**

မြန်မာနိုင်ငံတွင် ပြည်သူ့ရေးရာမှတ်ပုံတင်ခြင်းစနစ်မှ မွေးဖွားမှုနှင့် သေဆုံးမှုဆိုင်ရာ အချက်အလက်များရေးသွင်းခြင်းကို e-platform စနစ်ဖြင့် ရေးသွင်းရာတွင် ပိုမိုမြန်ဆန်ထိရောက်စေရန်အတွက် Mobile Birth and Death Registration (MBDR) စနစ်ဖြင့် Mobile Tablet များအသုံးပြုကာ မွန်ပြည်နယ်တွင် မွေးဖွားမှုနှင့် သေဆုံးမှုဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်းကို ၂၀၁၉ ခုနှစ်တွင် စတင်ခဲ့ပါသည်။ Mobile မှတ်ပုံတင် ရေးသွင်းခြင်းဖြင့် အချိန်နှင့်တစ်ပြေးညီ အချက်အလက်များကို ရရှိနိုင်သည့်အပြင် စာရွက်စာတမ်းများ အသုံးပြုမှုကိုလျှော့ချနိုင်ပြီး စာရွက်စာတမ်းများ ရေရှည်ထိန်းသိမ်းရန် အခက်အခဲများကိုလည်း လျှော့ချနိုင်မည် ဖြစ်ပါသည်။

Verbal Autopsy (VA) ဆိုသည်မှာ ဆေးရုံ/ဆေးခန်းပြင်ပ သေဆုံးမှုများ၏ သေဆုံးရသည့် ဖြစ်နိုင်ခြေအများဆုံး (သို့) ဖြစ်နိုင်ခြေရှိသော အကြောင်းရင်းများ (Cause of Death – CoD) ကို လေ့ကျင့်ထားသော ကျန်းမာရေးဝန်ထမ်းများမှ သေဆုံးသူ၏ မိသားစုဝင်များ(သို့)မသေဆုံးမီ အနီးကပ် ပြုစုစောင့်ရှောက်ခဲ့သူများကို နှုတ်ဖြင့်မေးမြန်းသည့် နည်းလမ်းဖြစ်ပါသည်။ အဆိုပါနည်းလမ်းကို မြန်မာနိုင်ငံရှိ မြို့နယ် ၄၂ မြို့နယ်မှ ဆေးရုံ/ဆေးခန်းပြင်ပ သေဆုံးမှုများ၏ သေဆုံးရသည့် အဓိက

❖ **မွေးဖွားမှုနှင့် သေဆုံးမှုစာရင်းအင်းအချက်အလက်များမှတစ်ဆင့် အနာဂတ်လူဦးရေကိုခန့်မှန်းနိုင်ရန်နှင့် လူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာရေးဆိုင်ရာ မူဝါဒများနှင့် မဟာဗျူဟာများကို ချမှတ်အကောင်ထည်ဖော်ဆောင်ရွက်နိုင်ရေးတို့အတွက် အရည်အသွေးမြင့်သည့် ဖွားသေစာရင်းအင်းများဖြစ်စေရန် ဆောင်ရွက်ရမည်ဖြစ်**

❖ **မွေးဖွားမှုနှင့် သေဆုံးမှုစာရင်းအင်းဆိုင်ရာ အခန်းကဏ္ဍတွင် ပြည့်စုံသောစာရင်းအင်းအချက်အလက်များသည် လူသားတို့၏ အနာဂတ်အခွင့်အလမ်းဖြစ်သောကြောင့် ထိုစာရင်းအင်းများကို နည်းပညာအကူအညီဖြင့် မှန်ကန်သောစာရင်းအင်းများ၊ အရည်အသွေးပြည့်ဝသော စာရင်းအင်းများ ဖြစ်ပေါ်လာစေရေး အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ရမည်**

*စာမျက်နှာ ၁၁ သို့*

## တန်ဆောင်မုန်းလပြည့်ညတွင် ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီး(ပြည်ချစ်ဘုရား)၌ ဘုရားဖူးပြည်သူများ စည်ကား



**ပြင်ဦးလွင် နိုဝင်ဘာ ၅**

၁၃၈၇ ခုနှစ် တန်ဆောင်မုန်းလပြည့် ညတွင် ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီး (ပြည်ချစ်ဘုရားကြီး) နှင့် သမိုင်းဝင်တန်ခိုးကြီးဘုရားများတွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားခဲ့သည်။

မဟာအံ့ထူးကံသာဆုတောင်းပြည့် (ပြည်ချစ်ဘုရားကြီး)နှင့် သမိုင်းဝင်တန်ခိုးကြီးဘုရားများသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူးပြည်သူများသည် တန်ဆောင်မုန်းလပြည့်ညတွင် ဘုရားပန်း၊ ဆီမီး၊ ဆွမ်း၊ ရွှေသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ကပ်လှူကြပြီး အမိဋ္ဌာန်ပြုခြင်း၊ ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းများကို ပြုလုပ်ကြသည်။

တန်ဆောင်မုန်းလပြည့်နေ့သည် ဈေးပိတ်ခြင်း၊ ရုံးများပိတ်ခြင်း၊ အလုပ်ဌာနပေါင်းစုံ အားလပ်ရက်ဖြစ်ခြင်းကြောင့် မိသားစုလိုက်ခရီးထွက်ပြီး ဘုရားအစုံဖူးလေ့ရှိရာ ခရီးသွားပြည်သူများ သွားရောက်လေ့လာအပန်းဖြေသည့် ပြင်ဦးလွင်မြို့ရှိ ဆုတောင်းပြည့် မဟာအံ့ထူးကံသာဘုရားကြီးနှင့် သမိုင်းဝင်တန်ခိုးကြီးဘုရားများတွင် ဖူးမြော်ကြည်ညိုသူများပြားခဲ့ပြီး စတုဒိသာမုန့်များ ကျွေးမွေးညှော်ခံကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ဘိုကလေးမြို့နယ်၌ (၃၉)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ဘိုကလေး နိုဝင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် မြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲတော်အား နှစ်စဉ် အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ယခုနှစ် (၃၉)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲတော်အား နိုဝင်ဘာ ၃ ရက် (တန်ဆောင်မုန်းလဆန်း ၁၄ ရက်)မှစတင်ကျင်းပခဲ့ပြီး တန်ဆောင်မုန်းလပြည့်ည၌ ဘုရားပွဲတော် ဒုတိယနေ့အဖြစ် (၃၉)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

**ဒေသစာရီကြွချီ အပူဇော်ခံ**

ဒုတိယနေ့ ဘုရားပွဲတော် ကျင်းပရာတွင် ဌာနဆိုင်ရာများ ပါဝင်သည့် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်ကျင်းပရေးဦးစီးကော်မတီ၏ ဦးဆောင်မှုနှင့်အတူ ဘုရားပွဲကျင်းပရေးဗဟိုအဖွဲ့နှင့် မြို့ပေါ်ရပ်ကွက် ၁၀ ခု၊ ဘုရားချောင်းကျေးရွာ၊ ကွင်းဝိုင်းကျေးရွာနှင့် ကုလားကြီးချောင်းကျေးရွာ အစရှိသည့် ရပ်ကွက်/ကျေးရွာ ၁၄ ဖွဲ့မှ တစ်ဖွဲ့လျှင် နှစ်ဆူနှုန်းဖြင့် နှစ်ကျိပ်ရှစ်ဆူမြတ်ဘုရားများအား ဥပသကာ ဂေါပကများမှ ပင့်ဆောင်ကာ မြို့လယ်ကျက်သရေဆောင်အောင်တော်မူဘုရားကြီး ရှေ့စုရပ်မှ မင်္ဂလာစည်တော်နှင့်အတူ တတိယလမ်း၊ ဘိုကလေးပညာရေးဒီဂရီကောလိပ်၊ အောင်သပြေ(၈)ရပ်ကွက်၊ (၉)ရပ်ကွက်၊ ဘုရားချောင်းကျေးရွာတို့အား ဒေသစာရီကြွချီ အပူဇော်ခံခဲ့ကြသည်။

**မိုးစက်(ဘိုကလေး)**

## တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလ ငွေဆောင်ကမ်းခြေသို့ ပြည်တွင်းပြည်ပခရီးသွားဧည့်သည် လာရောက်လည်ပတ်မှုများပြား

**ငွေဆောင် နိုဝင်ဘာ ၅**

ငွေဆောင်မြို့ရှိငွေဆောင်ကမ်းခြေသို့ တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလဖြစ်သော နိုဝင်ဘာ ၁ ရက်မှ ၄ ရက်အထိ ပြည်တွင်းခရီးသွားဧည့်သည် ၁၀၈၀၉ ဦး၊ ပြည်ပခရီးသွား ဧည့်သည် ၄၅၉ ဦး စုစုပေါင်း ၁၁၂၆၈ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလအတွင်း ငွေဆောင်ကမ်းခြေသို့ လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည်များသည် ချစ်သူများကျွန်း၊ လိပ်ကျွန်း၊ ငှက်ကျွန်း၊ မြွေကျွန်း၊ ကျွန်းလျားရှည်အစရှိသည့် ကျွန်းများသို့ သွားရောက်လည်ပတ်ခြင်း၊ ငွေဆောင်ဆင်စခန်းများသို့ သွားရောက် လည်ပတ်ခြင်း၊ ငွေဆောင် Night Market နှင့် Speed Boat, Banana Boat စီးခြင်း၊ ရေကူးခြင်းတို့ဖြင့် အားလပ်ရက်များကို အပန်းဖြေခဲ့ကြကြောင်း သိရသည်။

**ကျော်လင်းဦး(ပြန်/ဆက်)**



**နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ။**

*စာမျက်နှာ ၁၀ မှ*

အကြောင်းရင်းများကို သိရှိနိုင်ရန် ၂၀၁၆ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပါသည်။ မေးမြန်းသူမှ Tablet များအသုံးပြု၍ Open Data Kit (ODK) Application မှ စစ်တမ်းမေးခွန်းလွှာဖြင့် ကောက်ခံရရှိလာသော အချက်အလက်များကို Smart VA Desktop Application ဖြင့် "Tariff Method" ကို အသုံးပြု၍ သေဆုံးရသည့်အကြောင်းရင်းများကို အလိုအလျောက်ရှာဖွေသည့်စနစ်ကို အသုံးပြု၍ ရောဂါရှာဖွေခြင်း ဖြစ်ပါသည်။ နည်းပညာဖွံ့ဖြိုးမှုဖြင့် ဆေးရုံ/ဆေးခန်းပြင်ပ သေဆုံးမှုအကြောင်းရင်းများကို နှုတ်ဖြင့်မေးမြန်းဖော်ထုတ်ခြင်းဖြင့် သေဆုံးမှုစာရင်းအင်းအရည်အသွေးကို မြှင့်တင်ခြင်းဖြစ်ပါသည်။

**လူသားအရင်းအမြစ် လိုအပ်ချက်များ ဖြည့်ဆည်းခြင်း**

နည်းပညာကို ထိရောက်စွာ အသုံးပြုနိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် ကျွမ်းကျင်သော လူသားအရင်းအမြစ်များ လိုအပ်ပါသည်။ လူသားအရင်းအမြစ်ကို ရင်းနှီးမြှုပ်နှံခြင်းသည် နည်းပညာကို ရင်းနှီးမြှုပ်နှံခြင်းကဲ့သို့ပင် အရေးကြီးပါသည်။ ကောင်းစွာလေ့ကျင့်ထားသော ကျွမ်းကျင်ဝန်ထမ်းများက စနစ်၏ ရေရှည်တည်တံ့မှုနှင့် ရည်မှန်းချက်များ အောင်မြင်ရေးကို သေချာစေမည် ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)တို့ ပူးပေါင်းဖွင့်လှစ်သည့် Refresher Training for ICD-10 Coding and Introduction of ICD-11 Coding သင်တန်းနှင့် Review Meeting and Expansion of Mobile Birth and Death Registration သင်တန်းတို့သည် မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်းအတွက် ကျွမ်းကျင်လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်မည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**References:**


- World Bank Group. (2021). Identifica-tion for Development (ID4D) Global Dataset.
- World Health Organization. (2020). *Global Health Estimates 2020: Deaths by Cause, Age, Sex, by Country and by Region, 2000-2019.


## နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၅**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကုန်သည်စက်မှုအသင်းချုပ်မှ တာဝန်ရှိသူများနှင့် သီးခြားစီ တွေ့ဆုံဆွေးနွေး၊ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညို

**ရန်ကုန် နိုဝင်ဘာ ၅**

မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ တပ်မတော်အထူးလေယာဉ်ဖြင့် ထွက်ခွာရာ ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

ထို့နောက် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တွေ့ဆုံပြီး**(အောက်ပုံ)** ဒေသဖွံ့ဖြိုးရေးတိုးတက်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကာ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး မင်္ဂလာခန်းမ၌ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်း၊ အထွေထွေအတွင်းရေးမှူးနှင့် အမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး စီးပွားရေးဆိုင်ရာများနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။





ယင်းနောက် အဆိုပါကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ သာသနိကအဆောက်အအုံများကို ကြည့်ရှုလေ့လာကြသည်။**(အပေါ်ပုံ)**

မွန်းလွဲပိုင်းတွင် ဧည့်သည်တော် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းရင်းသား၊ တိုင်းရင်းသူများက မြန်မာ - ရုရှား နှစ်နိုင်ငံအလံငယ်များကို ဝှေ့ယမ်း၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးအား မြန်မာနိုင်ငံ ခရီးစဉ်မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်ကို အမှတ်တရ လက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# (၃၇)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အကြို ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပ

**ပဲခူး နိုဝင်ဘာ ၅**

(၃၇) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အကြို ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် နိုင်ငံတော်အုပ်ချုပ်ရေး ယန္တရားတွင် အခြေခံကျသည့် ဌာနတစ်ခုဖြစ်ကာ နိုင်ငံတော်၏ သစ္စာကိုစောင့်သိလျက် အစိုးရ၏မူဝါဒများကို သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများ၊ ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်နေသည့် ဌာနတစ်ခုဖြစ်ကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် ချမှတ်ထားသည့် မျှော်မှန်းချက်များ၊ ရည်မှန်းချက်များ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာဖြင့် ကြိုးပမ်းထမ်းဆောင်သွားရမည်ဖြစ်ပြီး ရည်မှန်းချက်တာဝန်များကိုလည်း အထူးအလေးအနက်ထား လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ မိမိဒေသ၊ မိမိတိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရေးကို ရှေးရှု၍ နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာဖြင့် ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားရမည်ဖြစ်ကာ မူဝါဒများ အကောင်အထည်ဖော်ရာတွင် ဝန်ထမ်းအချင်းချင်း စည်းစည်းလုံးလုံးဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်သူ့အကျိုးကို တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်သော ဝန်ထမ်းကောင်းများဖြစ်ကြစေလိုကြောင်း ပြောကြားသည်။


ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က (၃၇) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန နှစ်ပတ်လည်နေ့အတွက် ချီးမြှင့်ငွေကျပ် ၂၅၄ သိန်းကို တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးကျော်စိုးထံသို့ ပေးအပ်သည်။(ဝဲပုံ)




ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စီမံခန့်ခွဲရေး သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့သည့် အရာထမ်း၊ အမှုထမ်းများအား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ရာ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးကျော်စိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

ရေကြောင်းသတိပေးချက်ထုတ်ပြန်မည့်ဧရိယာ




# ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာခြင်း

၁။ မြန်မာ့ပင်လယ်ပြင်အတွင်း ရေတပ်ဆိုင်ရာ ပင်လယ်ပြင်လေ့ကျင့်ခန်းအား ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၇ ရက်မှ ၈ ရက်အထိ ရေပြင်၊ ဝေဟင်လက်နက်လေ့ကျင့်ပစ်ခတ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၈ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၈ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၅၈ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၈ မိနစ်စသည့် Coordinates အမှတ်များ ဆက်ဆွဲထားသည့် ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/ စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀ (တစ်သောင်းငါးထောင်)အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဠိရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## အဋ္ဌမအကြိမ် တရုတ်နိုင်ငံတကာသွင်းကုန်ပြပွဲ ၂၀၂၅ ရှန်ဟိုင်းမြို့၌ စတင်ကျင်းပ

ရှန်ဟိုင်း နိုဝင်ဘာ ၅

အဋ္ဌမအကြိမ် တရုတ်နိုင်ငံတကာ သွင်းကုန်ပြပွဲ (China International Import Expo-CIIE) ကို နိုဝင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ ရှန်ဟိုင်းမြို့ရှိ National Exhibition and Convention Center- NECC) ၌ ကျင်းပလျက်ရှိပြီး ယနေ့နံနက်ပိုင်းတွင် ဖွင့်ပွဲကျင်းပသည်။

ယခုနှစ် CIIE တွင် ကမ္ဘာ့ထိပ်တန်းစက်မှုနှင့် အီလက်ထရွန်နစ်ကုမ္ပဏီ ၁၀ ခု ပါဝင်ပြသထားပြီး ကမ္ဘာကျော်ကောက်ပဲသီးနှံလုပ်ငန်း လေးခု အပါအဝင် နိုင်ငံတကာ ထိပ်တန်းကုမ္ပဏီများ ပါဝင်ပြသထားသည်ကို တွေ့ရသည်။ ပြပွဲအတွင်း အဓိကဖိုရမ် တစ်ခု၊ ဆက်စပ်ဖိုရမ် ၃၃ ခုနှင့် အဋ္ဌမအကြိမ်မြောက် ဟုန်ချောင် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ်ကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်သည်။




ယခုနှစ်ပြပွဲသို့ နိုင်ငံပေါင်း ၁၅၅ နိုင်ငံမှ လုပ်ငန်းမျိုးစုံ၊ ထုတ်ကုန်မျိုးစုံတို့အပြင် နိုင်ငံတကာအဖွဲ့အစည်းများကလည်း ပါဝင်ပြသလျက်ရှိပြီး ပြပွဲဧရိယာ စတုရန်း မီတာ ၄၃၀၀၀၀ အကျယ်အဝန်းအတွင်း နိုင်ငံတကာနှင့် တရုတ်ကုမ္ပဏီ ၄၁၀၀ က ခင်းကျင်းပြသခြင်း ဖြစ်သည်။ ပြခန်းအရေအတွက်မှာ ယမန်နှစ်ကထက် ပိုမိုများပြားခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲ အခမ်းအနားအတွင်း တရုတ်နိုင်ငံဝန်ကြီးချုပ် Li Qiang (လီချန်း)က မိန့်ခွန်းပြောကြားရာ၌ အခွင့်အလမ်းသစ်များ ပိုမိုအားဖြည့်ထားသည့်အပြင် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်မည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ပြခန်းများတွင် စက်ရုပ်နည်းပညာ၊ ဉာဏ်ရည်တုနည်းပညာ၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာနှင့် ဆေးဝါးသစ်များ၊ အိမ်သုံးထုတ်ကုန်များ၊ အလှကုန်များစသည့် ကဏ္ဍအသီးသီးတွင် နိုင်ငံတကာထိပ်တန်းကုမ္ပဏီများဖြစ်သည့် Bayer၊ Slemens၊ Nestle စသည့် ကုမ္ပဏီများကို မြင်တွေ့ရပြီး အာဖရိကဒေသများမှ ပြခန်းများမှာလည်း ယမန်နှစ်ကထက် ၈၀ ရာခိုင်နှုန်းအထိ တိုးတက်၍ များပြားစွာပါဝင်လာခဲ့သည်။ မြန်မာနိုင်ငံမှလည်း လက်မှုပစ္စည်းများ၊ ကော်ဖီ၊ ပျားရည်အစရှိသည့် စားသောက်ကုန်များနှင့် လယ်ယာထွက် စိုက်ပျိုးရေးထုတ်ကုန်များ ပြသထားသည်။

ပြခန်းများကို နိုင်ငံအလိုက်ပြခန်းများ၊ ဆေးဝါးနှင့် ကျန်းမာရေးထုတ်ကုန်များ၊ မော်တော်ကားနှင့် နည်းပညာမြင့် စက်တပ်ယာဉ်များ၊ အစားအစာနှင့် လယ်ယာထွက်ကုန်များ၊ လုပ်ငန်းအသီးသီးတို့၏ ပို့ကုန်၊ သွင်းကုန်များစသည်ဖြင့် ကဏ္ဍများအလိုက် နိုင်ငံအသီးသီးမှ နောက်ဆုံးပေါ်ထုတ်ကုန်များနှင့် နည်းပညာများကို ပြသထားသည်။ ထူးခြားမှုအနေဖြင့် လူပုံသဏ္ဌာန်တူစက်ရုပ်များ၊ ဒစ်ဂျစ်တယ်နည်းပညာနှင့် ဝန်ဆောင်မှု အသစ်ပေါင်း ၄၆၁ ခုကို ထည့်သွင်းပြသထားခြင်းဖြစ်သည်။

ယခုကျင်းပသည့် ပြပွဲသည် တရုတ်ကွန်မြူနစ်ပါတီ အကြိမ် (၂၀) မြောက် အစည်းအဝေးအပြီးတွင် ပထမဆုံးကျင်းပသည့် စီးပွားရေးဆိုင်ရာပြပွဲလည်း ဖြစ်သည်။ ယခုပြပွဲတွင် သွင်းကုန်များကို အဓိကထားပြသခြင်းဖြစ်သဖြင့် ပြည်ပမှပြပွဲအတွက် တင်သွင်းသည့် ပစ္စည်းများ အကြိမ်ရေ ၄၀၀၀ ကို တရုတ်နိုင်ငံအတွင်း လွယ်ကူစွာ တင်သွင်းနိုင်ရန် ရှန်ဟိုင်း အကောက်ခွန်ဌာနက ဆောင်ရွက်ပေးခဲ့ပြီး စုစုပေါင်းတန်ဖိုး ယွမ် ၈ ဘီလီယံကျော်လွန်ခဲ့ကြောင်း အောက်တိုဘာ ၁ ရက်က သတင်းထုတ်ပြန်ထားခဲ့သည်။ ပြပွဲကို ယနေ့မှ နိုဝင်ဘာ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ခင်ရတနာ

## နိုဝင်ဘာလ၏ အမြင့်ဆုံးအပူချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | မိုးရေချိန် စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | မိုးရေချိန် စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | မီလီမီတာ | လက်မ | | မီလီမီတာ | လက်မ | |
| ၁ | ကလေးဝ | ၅-၁၁-၂၀၂၅ | ၈၁ | ၃.၁၉ | ၁၄-၁၁-၁၉၇၀ | ၇၉ | ၃.၁၁ | ၆၀ |

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ကန်တက်ကီပြည်နယ် လေဆိပ်အနီး ကုန်တင်လေယာဉ်ပျက်ကျ



**ကန်တက်ကီ နိုဝင်ဘာ ၅**

လူးဝစ်ဗီလ်မြို့ရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် နိုဝင်ဘာ ၄ ရက်က ကုန်တင်လေယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားခဲ့ရာ ခုနစ်ဦးခန့် သေဆုံးခဲ့သည်ဟု အမေရိကန်နိုင်ငံ ကန်တက်ကီပြည်နယ် အုပ်ချုပ်ရေးမှူးက ပြောသည်။

သေဆုံးသူဦးရေတိုးလာနိုင်ကြောင်း အုပ်ချုပ်ရေးမှူး အန်ဒီဘီရှီရာက ၎င်း၏ လူမှုကွန်ရက်မီဒီယာပေါ်မှတစ်ဆင့်ပြောကြားခဲ့သည်။ အဆိုပါလေယာဉ်သည် နိုဝင်ဘာ ၄ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီ ၁၅ မိနစ်ဝန်းကျင်က ပျက်ကျခဲ့ခြင်းဖြစ်ပြီး ဟာဝိုင်အီပြည်နယ် ဟိုနိုလူလူသို့ ဦးတည်ထွက်ခွာလာသည့်လေယာဉ်ဟု ဗဟိုလေကြောင်းပို့ဆောင်ရေး အုပ်ချုပ်ရေးအဖွဲ့ (အက်ဖ်အေအေ) ၏ ထုတ်ပြန်ချက်အရ သိရသည်။

အမ်ဒီ -၁၁ လေယာဉ်ကို အမေရိကန် ကုန်စည်ပို့ဆောင်ရေးကုမ္ပဏီဖြစ်သည့် ယူပီအက်စ်ကုမ္ပဏီက ပိုင်ဆိုင်ပြီး လေယာဉ်ပေါ်တွင် အမှုထမ်းသုံးဦးပါဝင်သည်။ သေဆုံးသူများအနက် လေးဦးမှာ လေယာဉ်အမှုထမ်းများမဟုတ်ကြောင်း လူးဝစ်ဗီလ်မြို့တော်ဝန် ခရက်ဂရန်းဘာ့ဂ်ျက ပြောသည်။

နောက်ထပ် အသက်ရှင်ကျန်ရစ်ဖွယ်ရှိသူများကို အာဏာပိုင်များက ဆက်လက်ရှာဖွေဆဲဖြစ်သည်။ လေယာဉ်မပျံတက်မီ ပြေးလမ်းတစ်လျှောက် အရှိန်ယူမောင်းနှင်နေစဉ် လေယာဉ်မှာ မီးစွဲလောင်နေပြီး မီးခိုးလုံးများ လွင့်တက်နေသည်ကို ဗီဒီယိုမှတ်တမ်းတွင် တွေ့မြင်ရသည်။ မီးသတ်သမားရာချီ၍ မီးလောင်မှုကို ငြိမ်းသတ်ခဲ့ရကြောင်း၊ အသက်ရှင်ကျန်ရစ်ဖွယ်ရှိသူများကို ရှာဖွေနေဆဲဖြစ်ကြောင်း သိရသည်။

လေယာဉ်ပျက်ကျမှုကို အမျိုးသားသယ်ယူပို့ဆောင်ရေး လုံခြုံစိတ်ချရရေးဘုတ်အဖွဲ့က ဦးဆောင်စစ်ဆေးသွားမည်ဟု အက်ဖ်အေအေက ပြောသည်။

**ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**




# ဩစတြေးလျနိုင်ငံက အသက် ၁၆ နှစ်အောက် ကလေးသူငယ်များအား လူမှုမီဒီယာပလက်ဖောင်းများ အသုံးပြုခြင်းကို တားမြစ်ပိတ်ပင်သွားမည်

**ကန်ဘာရာ နိုဝင်ဘာ ၅**

ဩစတြေးလျနိုင်ငံသည် မကြာမီတွင် အသက် ၁၆ နှစ်အောက် ကလေးသူငယ်များအား လူမှုမီဒီယာပလက်ဖောင်းများ အသုံးပြုခြင်းကို ကျယ်ကျယ်ပြန့်ပြန့်တားမြစ်ပိတ်ပင်သည့် ဥပဒေကို ကျင့်သုံးသည့် ကမ္ဘာ့ပထမဆုံးနိုင်ငံ ဖြစ်လာတော့မည်ဖြစ်သည်။

သက်ဆိုင်ရာဥပဒေကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလတွင် ပြဋ္ဌာန်းခဲ့ပြီး ဒီဇင်ဘာ ၁၀ ရက်တွင် စတင်အကောင်အထည်ဖော် သွားတော့မည်ဖြစ်သည်။ အသက် ၁၆ နှစ်အောက် အသုံးပြုသူများကို ပိတ်ပင်တားမြစ်ရန် ဥပဒေအရ လိုက်နာရမည့် ပလက်ဖောင်းများ၏ အမည်များကို နိုဝင်ဘာ ၅ ရက်တွင် အစိုးရက ထုတ်ပြန်ကြေညာထားသည်။

အဆိုပါ အစီအမံတွင် ကလေးသူငယ်များအား အကောင့်အသစ်မဖွင့်နိုင်အောင် တားဆီးခြင်းအပြင် လက်ရှိ ရှိနှင့်ပြီးသားအကောင့်များကို ပိတ်ပင်ခြင်းများပါဝင်ကြောင်း သိရသည်။ နိုဝင်ဘာ ၅ ရက်က သတင်းစာရှင်းလင်းပွဲတွင် ဆက်သွယ်ရေးဝန်ကြီး အနီကာ ဝဲလ်စ်က ဖေ့စ်ဘွတ်ခ်၊ အင်စတာဂရမ်၊ စနက်ပ်ချက်၊ သရက်ဒ်စ်၊ တစ်တော့ခ်၊ အိတ်စ် (ယခင်တွစ်တာ)၊ ယူကျု၊ ကစ်ခ်နှင့် ရက်ဒစ်စသော လူမှုမီဒီယာပလက်ဖောင်း ကိုးခု၏ အမည်ကို ထုတ်ဖော်ပြောကြားခဲ့သည်။

ဆက်သွယ်ရေးဝန်ကြီး အနီကာဝဲလ်စ်က ကလေးငယ်များအနေဖြင့် ကလေးငယ်ဘဝကို ပိုင်ဆိုင်နိုင်ရန်နှင့် မိဘများအနေဖြင့် စိတ်အေးချမ်းသာမှုရရှိစေရန်အတွက် အဆိုပါဥပဒေကို ရည်ရွယ်ပြဋ္ဌာန်းခြင်းဖြစ်ကြောင်း ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ဖိလစ်ပိုင်နိုင်ငံ၌ ခန့်မေဂီ တိုင်ဖွန်းမုန်တိုင်းကြောင့် သေဆုံးသူ ၆၆ ဦးအထိ တိုးလာ

**မနီလာ နိုဝင်ဘာ ၅**

နိုဝင်ဘာ ၂ ရက်မှစတင်ကာ ဖိလစ်ပိုင်နိုင်ငံသို့ ဝင်ရောက်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်း ခန့်မေဂီကြောင့် သေဆုံးသူဦးရေမှာ ၆၆ ဦးအထိ တိုးလာကြောင်း ပြည်သူ့ကာကွယ်ရေးရုံး (အိုစီဒီ) က နိုဝင်ဘာ ၅ ရက်တွင် ပြောသည်။

မုန်တိုင်းဒဏ်ကို အဆိုးရွားဆုံးခံစားခဲ့ရသည့်စီဘူးပြည်နယ်တွင် သေဆုံးသူ ၄၉ ဦးရှိကြောင်း အိုစီဒီမှ လက်ထောက်အုပ်ချုပ်ရေးမှူး ရာဖယ်လီတိုအက်လီဂျန်ဒရိုက မီဒီယာသို့ပြောသည်။ ဒဏ်ရာရရှိသူ ၁၀ ဦးထက်မနည်းရှိပြီး လူပေါင်း ၇၀၆၀၀၀ ကျော် မုန်တိုင်းသက်ရောက်မှုဒဏ်ကို ခံစားခဲ့ရကြောင်း သိရသည်။

ခန့်မေဂီမုန်တိုင်း၏ ဗဟိုချက်သည် ဖိလစ်ပိုင်နိုင်ငံ ပလာဝမ်ပြည်နယ် အဲလ်နီဒိုမြို့၌ရှိပြီး အနောက်မြောက်ဘက်သို့ တစ်နာရီလျှင် ၂၅ ကီလိုမီတာနှုန်းဖြင့် ရွေ့လျားနေကာ အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၆၅ ကီလိုမီတာရှိသည်ဟု မိုးလေဝသဗျူရို၏ နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းထုတ်ပြန်ချက်အရ သိရသည်။

ခန့်မေဂီသည် ယခုနှစ်အတွင်း ဖိလစ်ပိုင်ကျွန်းစုသို့ ဝင်ရောက်တိုက်ခတ်သည့် အကြိမ် (၂၀) မြောက် မုန်တိုင်းတစ်ခုလည်းဖြစ်သည်။ ပစိဖိတ်သမုဒ္ဒရာမုန်တိုင်းလမ်းကြောင်းပေါ်တွင် ရှိသည့် ဖိလစ်ပိုင်နိုင်ငံသည် ပျမ်းမျှအားဖြင့်တစ်နှစ်လျှင် မုန်တိုင်း ၂၀ ခန့် ကြုံတွေ့ရလေ့ရှိသည်။ **ဆင်ဟွာ**

# ဆူဒန်နိုင်ငံရှိ မြို့နှစ်မြို့ကို ငတ်မွတ်မှုဘေးကြုံတွေ့နေသည့် အခြေအနေများ ဖြစ်ပေါ်နေကြောင်း ကုလသမဂ္ဂ ကြေညာ

**ခါတွန် နိုဝင်ဘာ ၅**

ဆူဒန်နိုင်ငံရှိ မြို့နှစ်မြို့တွင် ငတ်မွတ်မှုဘေး ကြုံတွေ့နေသည့် အခြေအနေများ ဖြစ်ပေါ်နေကြောင်း ကုလသမဂ္ဂက ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။ ထို့အပြင် ကုလသမဂ္ဂသည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အခြေအနေများ ပိုမိုဆိုးရွားလာစေသည့် ရန်လိုပဋိပက္ခဖြစ်ပွားမှုများကို အဆုံးသတ်ရန်လည်း တောင်းဆိုထားသည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်တစ်ရပ်နှင့် အခြားကုလသမဂ္ဂအေဂျင်စီများဖြင့် ဖွဲ့စည်းထားသော ကော်မတီတစ်ရပ်က နိုဝင်ဘာ ၃ ရက်တွင် အစီရင်ခံစာ ထုတ်ပြန်ထားသည်။ အဆိုပါ အစီရင်ခံစာတွင် ဆူဒန်နိုင်ငံ အနောက်ပိုင်း ဒါဖာဒေသ အယ်ဖာရှာမြို့နှင့် တောင်ပိုင်းကာဒူဂလီမြို့တို့တွင် ငတ်မွတ်မှုဘေး ကြုံတွေ့နေသည့် အခြေအနေများကို အတည်ပြုထားသည်။ ငတ်မွတ်မှု ဘေးကြုံတွေ့နေသည့် အခြေအနေကို နိုင်ငံတကာ သတ်မှတ်ချက်အရ စားနပ်ရိက္ခာ မလုံလောက်မှု၏ အပြင်းထန်ဆုံးအဆင့်အဖြစ် သတ်မှတ်ထားသည်။

ငတ်မွတ်မှုဘေး ကြုံတွေ့နေသည့် အခြေအနေများတွင် စားနပ်ရိက္ခာ ပြတ်တောက်မှုနှင့် အလွန်အမင်း ကြုံတွေ့နေသည့် အိမ်ထောင်စု အနည်းဆုံး ၂၀ ရာခိုင်နှုန်း၊ ပြင်းထန်သော အာဟာရချို့တဲ့မှုနှင့် ကြုံတွေ့နေရသော ကလေးငယ် အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်ကြောင်း သိရသည်။

အဆိုပါ ကော်မတီက ထိုကဲ့သို့ အလွန်ဆိုးရွားသော အခြေအနေမှာ လာမည့်နှစ် ဇန်နဝါရီလအထိ ဆက်လက်ဖြစ်ပေါ်နေဦးမည်ဟု ခန့်မှန်းထားသည်။ ဆူဒန်နိုင်ငံတစ်ဝန်း လူပေါင်း ၂၁ သန်းကျော် သို့မဟုတ် နိုင်ငံ့လူဦးရေ၏ ထက်ဝက်နီးပါးမှာ ငတ်မွတ်မှုဘေးကြုံတွေ့နေသည့် အခြေအနေအပါအဝင် စားနပ်ရိက္ခာ မလုံလောက်မှုနှင့် ဆိုးဆိုးရွားရွား ကြုံတွေ့နေကြောင်း တာဝန်ရှိသူများက ပြောသည်။

**အင်န်အိတ်ချ်ကေ**



# တရုတ်နိုင်ငံတောင်ပိုင်း၌ မိုးပျံကား စမ်းသပ်ထုတ်လုပ်မှုစတင်

**ကွမ်ကျိုး နိုဝင်ဘာ ၅**

တရုတ်နိုင်ငံတောင်ပိုင်း ကမ္ဘာ့ပထမဆုံး ဉာဏ်ရည်တုနည်းပညာစက်ရုံ၌ မိုးပျံကားများကို စမ်းသပ်ထုတ်လုပ်မှုစတင်ခဲ့ကြောင်း သိရသည်။ တရုတ်လျှပ်စစ်မော်တော်ယာဉ် ထုတ်လုပ်သူ XPENG ၏ မိတ်ဖက်ဖြစ်သည့် XPENG AEROHT က အနာဂတ်မျိုးဆက်သယ်ယူပို့ဆောင်ရေး လုပ်ငန်း၏ စီးပွားဖြစ်လုပ်ကိုင်နိုင်မှု မှတ်တိုင်တစ်ခုအဖြစ် မိုးပျံကားထုတ်လုပ်မှု စတင်ခဲ့ခြင်းဖြစ်သည်။

မိုးပျံကား ထုတ်လုပ်မည့်စက်ရုံသည် တရုတ်နိုင်ငံ တောင်ပိုင်း ကွမ်တုံပြည်နယ် ကွမ်ကျိုးမြို့ ဟွမ်ဖူခရိုင်တွင် တည်ရှိပြီး စတုရန်းမီတာ ၁၂၀၀၀၀ ခန့်ကျယ်ဝန်းကြောင်း သိရသည်။ ယင်းစက်ရုံတွင် ၂၀၂၄ ခုနှစ်က မိုးပျံကား Land Aircraft Carrier ကိုထုတ်လုပ်ခဲ့သည်ဟု ဆိုသည်။

ယင်းစက်ရုံ၌ လုပ်ငန်းအပြည့် အဝ လည်ပတ်ချိန်တွင် မိနစ် ၃၀ လျှင် မိုးပျံကားတစ်စင်း ထုတ်လုပ်တပ်ဆင်နိုင်မည်ဖြစ်ပြီး နှစ်စဉ်ဖြုတ်တပ်နိုင်သော မိုးပျံကား အစိတ်အပိုင်း ပမာဏ ၁၀၀၀၀ ထုတ်လုပ်နိုင်ရန် ပုံစံရေးဆွဲထားပြီး ကနဦးတွင် အစီးရေ ၅၀၀၀ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထုတ်ကုန်မိတ်ဆက်မှု ပြုလုပ်ပြီးနောက် XPENG AEROHT က မိုးပျံကားအစီးရေ ၅၀၀၀ နီးပါး အမှာစာ ရရှိထားကြောင်း သိရသည်။ ထို့အပြင် ၂၀၂၆ ခုနှစ်တွင် မိုးပျံကားအစီးရေ အမြောက်အမြား ထုတ်လုပ်ပို့ဆောင်နိုင်ရန် စီစဉ်ထားကြောင်း ကုမ္ပဏီက ပြောသည်။

၅ ဒသမ ၅ မီတာရှည်သည့် အဆိုပါ မိုးပျံကားများကို အများပြည်သူသုံးလမ်းများတွင် ယာဉ်မောင်းလိုင်စင်ဖြင့် မောင်းနှင်နိုင်သလို ပုံမှန်ယာဉ်ရပ်နားကွင်းများ၌လည်း ရပ်နားနိုင်ကြောင်း သိရသည်။ **ဆင်ဟွာ**

## ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် “Satellite-based Broadcast Technology ” သင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၅**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ဖွင့်လှစ်သည့် “Satellite– based Broadcast Technology ” သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် (တပ်ကုန်း) ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Conference ခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်အောင်၊ ညွှန်ကြားရေးမှူးများ၊ အင်ဂျင်နီယာချုပ်နှင့် Thaicom Public Company Limited မှ သင်တန်းနည်းပြ နှစ်ဦး၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းတွင် Thaicom Public Company Limited မှ satellite အင်ဂျင်နီယာများက satellite အသုံးပြုရုပ်သံထုတ်လွှင့်နည်းပညာများနှင့် Broadcast satellite Generation များအကြောင်းကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စက်မှုဌာနခွဲရှိ အင်ဂျင်နီယာများအား စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါ သင်တန်းသို့ စက်မှုဌာနခွဲမှ အင်ဂျင်နီယာဝန်ထမ်း ၂၆ ဦး တက်ရောက်ပြီး နိုဝင်ဘာ ၅ ရက်မှ ၉ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် နိုဝင်ဘာ ၅** – ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**

## အောင်မြေသာစံမြို့နယ်၌ နိုင်ငံသားကတ်ပျောက်ဆုံး၊ ပျက်စီးသူများအား ကွင်းဆင်းဆောင်ရွက်ပေး

**မန္တလေး နိုဝင်ဘာ ၅**

အောင်မြေသာစံမြို့နယ်ညောင်ကွဲရပ်ကွက်တွင် နိုင်ငံသားကတ်ပျောက်ဆုံး၊ ပျက်စီးသူများအား မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ယနေ့နံနက် ၁၀ နာရီက ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ အောင်မြေသာစံခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမောင်မောင်အေး၊ အောင်မြေသာစံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသိန်းလွင်တို့က လိုက်လံကြည့်ရှုအားပေးကြသည်။



ထိုသို့ နိုင်ငံသားကတ်များ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် ညောင်ကွဲရပ်ကွက်၌ နိုင်ငံသားကတ် ပျောက်ဆုံး၊ ပျက်စီးသူ ၃၁ ဦးအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဒက္ခိဏသီရိမြို့နယ် သမဝါယမအသင်းဆီစက်လုပ်ငန်း ဆီကြိတ်ခွဲထုတ်လုပ်မှု ကွင်းဆင်းကြည့်ရှု

**နေပြည်တော် နိုဝင်ဘာ ၅**

ပြည်ထောင်စုနယ်မြေနေပြည်တော် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်အတူ ဒက္ခိဏသီရိမြို့နယ် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများသည် မြို့နယ်အတွင်းရှိ လင်းစိန်အထွေထွေသမဝါယမအသင်း(လီမိတက်)၏ ဆီစက်လုပ်ငန်း ကြိတ်ခွဲထုတ်လုပ်မှုအား ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကွင်းဆင်း ကြည့်ရှုစစ်ဆေးစဉ် ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်က နိုင်ငံတော်ထောက်ပံ့ငွေ (သက်တန့်ရောင်စီမံကိန်း)ဖြင့် ဆီကြိတ်စက်၊ ဆီစစ်ခုံ၊ မော်တာတို့ကို အသင်းသို့ ပံ့ပိုးပေးထားခြင်းဖြစ်ကြောင်း၊ ဆီစက်လုပ်ငန်းအတွက် လိုအပ်သည့် ဆီထွက်သီးနှံ ကုန်ကြမ်းများ ရရှိရေးနှင့် ကုန်ချောများဖြန့်ဖြူးရောင်းချ နိုင်ရေးအတွက်လည်း နေပြည်တော် သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမဦးစီးဌာနအသင်းတို့ ပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ လင်းစိန်အထွေထွေစီးပွားရေးသမဝါယမအသင်းဥက္ကဋ္ဌ ဦးမျိုးမင်းထိုက်က ဆီစက်လုပ်ငန်းအတွက် ဒေသတွင်း ကုန်ကြမ်းများရရှိရေးနှင့် ဆီကြိတ်ခွဲ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေး တင်ပြဆွေးနွေးမှုအပေါ် ညွှန်ကြားရေးမှူးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**၅ – ၁၁ – ၂၀၂၅ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ဘီလီယံ– စုစည်းသည်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၆၀၀ | ၁၀၁ | ၈၆၈၆၀၀ |
| MTSH | ၃၅၀၀ | ၃၅၅၀ | ၄၃၂၄ | ၁၅၃၃၄၀၅၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၂ | ၁၅၆၀၀ |
| FPB | ၂၃၀၀ | ၂၃၀၀ | ၆ | ၁၃၈၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၀ | ၀ |
| EFR | ၁၈၀၀ | ၁၇၅၀ | ၂၁၃၃ | ၃၆၉၃၈၅၀ |
| AMATA | ၃၄၅၀ | ၃၄၅၀ | ၁ | ၃၄၅၀ |
| MAEX | ၃၂၅၀ | ၃၂၀၀ | ၂၈ | ၈၉၉၀၀ |

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားကျရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဩဂုတ်လမှစ၍ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ မြောက်ကိုရီးယားနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး (၂–၆–၂၀၁၉) ရက်မှစတင်၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် လာအိုနိုင်ငံတွင် ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသောကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ၊

( ခ ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

( ဂ ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန်ကျွေးခြင်း ပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊

( င ) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊

( စ ) အသက်အရွယ်တူ ဝက်များကိုသာ အတူတူ မွေးမြူရန်၊

(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

( ဇ ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

( ဈ ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိ ဝက်များနှင့် မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ည) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

( ဋ ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

( ဌ ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

( ဍ ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ကရင်ပြည်သူ့ပါတီ (KPP) က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၅

**ကရင်ပြည်သူ့ပါတီ (KPP)ဥက္ကဋ္ဌ နန့်ခင်အေးဦးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



**"အားလုံးပဲ မင်္ဂလာရှိသောနေ့ ဖြစ်ပါစေရှင်"**

ကျွန်မကတော့ ကရင်ပြည်သူ့ပါတီ (KPP) ရဲ့ဥက္ကဋ္ဌ နန့်ခင်အေးဦး ဖြစ်ပါတယ်။ ယခုလို ရုပ်မြင်သံကြားအစီအစဉ်မှာ ပြည်သူလူထု အများရှေ့မှောက် စကားပြောခွင့်ရရှိတဲ့အတွက် စီစဉ်ပေးတဲ့ တာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ပထမဦးစွာ ရှေးနှစ်များကလိုပဲ ကျွန်မတို့ပါတီအမည်ဖြစ်တဲ့ ကရင်ပြည်သူ့ပါတီ (KPP) ရဲ့ အဓိပ္ပာယ်ကို ဖွင့်ဆိုရှင်းပြပေးလိုပါတယ်။ ကျွန်မတို့ရဲ့ပါတီကို စတင်ထူထောင်ခြင်းရဲ့ ရည်ရွယ်ချက်ကတော့ ကျွန်မတို့ရဲ့ သွေးချင်းကရင်လူမျိုးများနှင့် ပြည်သူများအနေဖြင့် တရားဝင်နိုင်ငံရေးလမ်းကြောင်းပေါ် ရောက်ရှိနိုင်ရေးအတွက် အခင်းအကျင်းတစ်ရပ် တည်ဆောက်ဖို့ပဲဖြစ်ပါတယ်။

ကရင်အမျိုးသားများက ဦးဆောင်ဖွဲ့စည်းခဲ့လို့ အမည်ကို ကရင်နှင့် အစပြုထားသော်လည်း တစ်ရွာတည်းနေ တစ်ရေတည်းသောက် အစဉ်အဆက် အတူတကွ အေးအတူပူအမျှ နေထိုင်လာခဲ့ကြသော အခြားတိုင်းရင်းသားပြည်သူအားလုံးကိုလည်း ပါဝင်စေလိုသော ဆန္ဒဖြင့် ပြည်သူဟူသောအမည် ထည့်သွင်းလျက် တိုင်းရင်းသားပြည်သူများ၏ ပါတီတစ်ရပ်အဖြစ် ရပ်တည်ဆောင်ရွက်လျက်ရှိပါတယ်။ ကျဉ်းမြောင်းသော လူမျိုးရေးအမြင်ကို အခြေခံခြင်းမဟုတ်ကြောင်း ပြောကြားလိုပါတယ်။

ကရင်ပြည်သူ့ပါတီ၏ မူဝါဒကို တင်ပြလိုပါတယ်။

ကရင်ပြည်သူ့ပါတီသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် မြန်မာနိုင်ငံနှင့် ကိုက်ညီသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်သို့ ကူးပြောင်းရာတွင် ပါဝင်ဆောင်ရွက်သွားနိုင်ရေးကို ပါတီ၏ နိုင်ငံရေးမူဝါဒအဖြစ် ချမှတ်ထားပါတယ်။

**ကရင်ပြည်သူ့ပါတီ၏ ယုံကြည်ချက်နှင့် သဘောထားများ-**

- မြန်မာနိုင်ငံသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို တည်ဆောက်ကျင့်သုံးနိုင်မှသာလျှင် မတူကွဲပြားနေသော တိုင်းရင်းသားလူမျိုးများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုများရရှိလာပြီး တိုင်းပြည် အေးချမ်းသာယာမှုကို ရှေးရှုနိုင်မယ်လို့ ယုံကြည်ပါတယ်။
- ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် မိသားတစ်စု၊ လူမျိုးတစ်မျိုး၊ တိုင်းပြည်တစ်ပြည် တိုးတက်ရန်အတွက် ပညာရေးသည် အကောင်းဆုံးသော ရင်းနှီးမြှုပ်နှံမှုဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ဒါ့ကြောင့် လူတစ်ဦးချင်းစီ၏ အရည်အသွေး တိုးမြင့်လာရေးအတွက် အခြေခံကျသော ပညာရေး ဖွံ့ဖြိုးမှုကို အားသွန်ခွန်စိုက်လုပ်ဆောင်ရန် လိုအပ်သည်လို့ ယုံကြည်ပါတယ်။
- ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံးနှင့် လူနည်းစုများ၏ အခွင့်အရေးများကို ကာကွယ်ပေးနိုင်သော စနစ်ကို ချမှတ်အကောင်အထည်ဖော်နိုင်မှသာလျှင် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို ရရှိနိုင်မယ်လို့ ယုံကြည်ပါတယ်။
- ကရင်ပြည်သူ့ပါတီသည် ကရင်လူမျိုးများ၏ မျိုးနွယ်စုအစွဲ၊ ဘာသာရေး ယုံကြည်ကိုးကွယ်မှုအစွဲ၊ ဒေသအစွဲ စသောမတူကွဲပြားမှုများအပေါ် အစွဲအလမ်းမရှိဘဲ ကရင်တိုင်းရင်းသားအားလုံးကို ကရင်လူမျိုးဟူ၍သာ ချစ်ခင်စွာ ရှုမြင်သဘောထားပါတယ်။
- ဤကမ္ဘာမြေပေါ်တွင် ကရင်မျိုးနွယ်များသည် လူမျိုးတစ်မျိုးအနေဖြင့် ရေရှည်ရပ်တည်နိုင်ရေးအတွက် ကရင်လူမျိုး၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ခြင်းကို လူမျိုးရေးတာဝန်တစ်ရပ်အဖြစ် သဘောထားခံယူပြီး တစိုက်မတ်မတ် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။
- ကရင်လူမျိုးတို့၏ အမှန်တရားကို မြတ်နိုးကျင့်သုံးခြင်း၊ သစ္စာရှိခြင်း စသည့်တန်ဖိုးများကို အခြေခံပြီး နိုင်ငံသားတိုင်း၏ အနာဂတ်အေးချမ်းသာယာလှပရေးကို စိတ်ကောင်းစေတနာမှန်ဖြင့် အစဉ်ပါဝင် ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။
- မြန်မာနိုင်ငံရှိ တိုင်းရင်းသားအားလုံးသည် မိမိတို့၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို တန်ဖိုးထားထိန်းသိမ်းမြှင့်တင်ခြင်းအားဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်လာပြီး တိုင်းရင်းသားအချင်းချင်း အပြန်အလှန်လေးစားတန်ဖိုးထားမှသာ စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်မယ်လို့ ယုံကြည်ပါတယ်ရှင်။

**ကရင်ပြည်သူ့ပါတီ၏ ရည်ရွယ်ချက်-**

၁။ မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ထောင်နိုင်ရန်၊

၂။ ပြည်သူများ၏ လူနေမှုဘဝနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရန်၊

၃။ ကရင်မျိုးနွယ်စုများနှင့် အတူယှဉ်တွဲနေထိုင်လျက်ရှိသော အခြားတိုင်းရင်းသားလူမျိုးများအားလုံး တရားမျှတသော အခွင့်အရေးများ ရရှိနိုင်ရန်၊

၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန် တိုင်းရင်းသားမျိုးနွယ်စုအလိုက် ရိုးရာယဉ်ကျေးမှု၊ စာပေ၊ အနုပညာ၊ ယုံကြည်ကိုးကွယ်မှု၊ ဓလေ့ထုံးတမ်းများကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ရန်။

**ကရင်ပြည်သူ့ပါတီ၏ လုပ်ငန်းစဉ်-**

၁။ ကရင်ပြည်သူ့ပါတီသည် နိုင်ငံတော်က ဖော်ဆောင်လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အစဉ်တစိုက် ပါဝင်ကြိုးပမ်းဆောင်ရွက်မည် ဖြစ်ပါတယ်။

၂။ ကရင်ပြည်သူ့ပါတီသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေတဲ့ အဂတိလိုက်စားမှုကိစ္စရပ်များအား တိုက်ဖျက်တဲ့အခါ ဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်မှာဖြစ်ပါတယ်။


၃။ ကရင်ပြည်သူ့ပါတီသည် ပြည်သူလူထု၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် မြေယာကိစ္စရပ်များတွင် တရားမျှတမှုရှိစေရန် ဥပဒေနှင့်အညီ ပူးပေါင်းကူညီဆောင်ရွက်မည်ဖြစ်ပါတယ်။

၄။ ကရင်ပြည်သူ့ပါတီသည် နိုင်ငံတော်၏ ပညာရေးကဏ္ဍတွင် လူငယ်များ၏ ဘဝလုံခြုံမှုကို အာမခံချက်ပေးနိုင်သော ပညာရေးစနစ်ပေါ်ထွန်းရေးကို လွှတ်တော်တွင် တင်ပြဆောင်ရွက်မည်ဖြစ်ပါတယ်။

၅။ ကရင်ပြည်သူ့ပါတီသည် တိုင်းရင်းသားမျိုးနွယ်စုများ၏ မိခင်ဘာသာစကား၊ စာပေများကို မပျောက်ပျက်စေရန် နိုင်ငံတော်၏ အမျိုးသားပညာရေး ဥပဒေ(ပုဒ်မ ၄၂၊ ပုဒ်မခွဲ ခ)တွင် ပါရှိသည့်အတိုင်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းမည် ဖြစ်ပါတယ်။

၆။ ကရင်ပြည်သူ့ပါတီသည် တိုင်းရင်းသားမျိုးနွယ်စုများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ အနုသုခုမပညာရပ်များကို အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပါတယ်။

၇။ ကရင်ပြည်သူ့ပါတီသည် ပြည်သူလူထု၏ ကျန်းမာရေးကို အထောက်အကူပြုစေရန်အတွက် ကုသရေးထက် ကြိုတင်ကာကွယ်သည့်စနစ်ကို အားကောင်းစေရန် ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။



၈။ ကရင်ပြည်သူ့ ပါတီသည် တိုင်းပြည်၏ အဓိကစီးပွားရေးကဏ္ဍဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်စေရန် အတွက် ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

၉။ ကရင်ပြည်သူ့ပါတီသည် လူငယ်နှင့်အမျိုးသမီးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တိုးတက်ပြောင်းလဲလာသော နည်းပညာများအား လက်လှမ်းမီ အသုံးချနိုင်ရေး အသိပညာပေး ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

၁၀။ စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့ကို လွှတ်တော်တွင် တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

၁၁။ ကရင်ပြည်နယ်ပြင်ပရှိ ကရင်လူမျိုးများအတွက် လူနည်းစုတိုင်းရင်းသားများရရှိမည့် အခွင့်အရေးကို အပြည့်အဝရရှိနိုင်ရန်နှင့် သမိုင်းတွင်ရှိသော လေးစားတန်ဖိုးထားအပ်သည့် နေ့ထူးနေ့မြတ်များ၊ ဝိသေသလက္ခဏာများကို မှတ်တမ်းပြုစုပြီး အခမ်းအနားများကို ကျင်းပနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

၁၂။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကို နီးနွယ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၌ ကရင်ပြည်သူ့ပါတီ(KPP)က ကိုယ်စားလှယ်လောင်းများ ဝင်ရောက်အရွေးချယ်ခံမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း (၇) ဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း (၂၁) ဦးနှင့် ကရင်တိုင်းရင်းသားရေးရာကိုယ်စားလှယ်လောင်း (၁) ဦးတို့ ဖြစ်ကြပါတယ်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ကျွန်မတို့ ကရင်ပြည်သူ့ပါတီ (KPP) အနေနှင့် ပြည်သူများထံသို့ ပန်ကြားအသိပေးချက်များကို တင်ပြလိုပါတယ်။

၁။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ကရင်လူမျိုးနှင့် ပြည်သူများအားလုံး မိမိ၏ အမည်သည် သက်ဆိုင်ရာ ကျေးရွာ ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်ရုံးတွင် ထုတ်ပြန်သည့် ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းတွင် ပါဝင်ခြင်း ရှိ/မရှိ သွားရောက်ကြည့်ရှုအတည်ပြုပါ။

၂။ ဆန္ဒမဲပေးခွင့်ရှိသူများ အမည်စာရင်းတွင် မိမိ၏အမည် မပါရှိပါက သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများထံ တင်ပြပြီး မဲပေးခွင့် ရရှိသူများစာရင်းတွင် မိမိအမည်ပါဝင်ရန် လိုက်နာဆောင်ရွက်ပါ။ အခက်အခဲရှိပါက မိမိတို့ဒေသတွင်ရှိသော ကရင်လူမျိုးအခြေပြု ပါတီတာဝန်ရှိသူများကို တင်ပြအကူအညီတောင်းပါ။

၃။ မဲပေးရန် အစစအရာရာ အဆင်သင့်ဖြစ်ပြီးပါက ဆန္ဒမဲပေးရမည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့မှစ၍ ရွေးကောက်ပွဲအပိုင်းလိုက် ကျင်းပမှုပြီးဆုံးသည်အထိ မဲပေးနိုင်ရန် ပြင်ဆင်ထားပါ။

နောက်ဆုံးအနေနဲ့ လာမယ့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ကရင်လူမျိုးများနှင့် တိုင်းရင်းသားပြည်သူများ စည်းလုံးညီညွတ်စွာ ကရင်ပြည်သူ့ပါတီ (KPP)ကိုယ်စားလှယ်များကို ဆန္ဒမဲပေးခြင်းဖြင့် နိုင်ငံတော်အတွက် အကောင်းဆုံးဖြစ်စေလိုသော စိတ်စေတနာအရင်းခံ၍ တာဝန်ကျေပွန်စွာပါဝင်ကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၅**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

## တောင်ကြီးတန်ဆောင်တိုင်ပွဲတော် မြို့လုံးကျွတ်ရိုးရာမီးပဒေသာလှည့်လည်ပူဇော်



**တောင်ကြီး နိုဝင်ဘာ ၅**

ရှမ်းပြည်နယ်၏ အထင်ကရပွဲတော်တစ်ခုဖြစ်သည့် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်အား အောက်တိုဘာ ၂၉ရက်မှ စတင်ကျင်းပခဲ့ရာ နိုဝင်ဘာ ၄ ရက်က မြို့လုံးကျွတ်ရိုးရာမီးပဒေသာအလှ လှည့်လည်ပူဇော်ပွဲ ကျင်းပသည်။

အဆိုပါ လှည့်လည်ပူဇော်ပွဲမကျင်းပမီ တောင်ကြီးမြို့ရှိ ရပ်ကွက်များ၊ အနီးပတ်ဝန်းကျင် မြို့/ရွာများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကုမ္ပဏီများနှင့် လူမှုရေးအသင်းအဖွဲ့များက ရိုးရာမီးပဒေသာပင်များနှင့် သတ်မှတ်စုရပ်နေရာဖြစ်သည့် ပြည်နယ်အားကစားကွင်း၌ စုပေါင်း၍ တန်ဆောင်မုန်းလပြည့်ည ရိုးရာမီးပဒေသာအလှများ လှည့်လည်ပူဇော်ခြင်းကို စတင်ကျင်းပကြသည်။

ထိုသို့လှည့်လည်ပူဇော်ရာတွင် မြန်မာ့ရိုးရာ ဆိုင်းဝိုင်း(ဗြော)အတီး၊ အဆို၊ အကအဖွဲ့ဝင်အဖွဲ့၊ မြန်မာ၊ ရှမ်း၊ ပအိုဝ်း အစရှိသည့် လုပျိုဖြူများ အကအဖွဲ့၊ရှမ်း/ပအိုဝ်း အိုးစည်ဗုံမောင်းအဖွဲ့များ၊ ကိန္နရီ ကိန္နရာအကအဖွဲ့များနှင့် တောင်ကြီးမြို့နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးများ ရိုးရာအကအဖွဲ့တို့ ဦးဆောင်ကာ တောင်ကြီးမြို့ ဗိုလ်ချုပ်ပန်းခြံရှေ့ မီးပွိုင့်လမ်းဆုံ လမ်းမကြီးအတိုင်းမှ စတင်စီတန်းလှည့်လည်ပူဇော်လာခဲ့ကြပြီး စူဠာမုနိ လောကချမ်းသာစေတီတော်မြတ် ကုန်းတော်ပေါ်အထိ မီးပဒေသာအလှအပမျိုးစုံ၊ တိုင်းရင်းသားရိုးရာအကပေါင်းစုံတို့ဖြင့် စုပေါင်းလှည့်လည်ပူဇော်ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**



## တန်ဆောင်မုန်းလပြည့်ညတွင် နတ်မောက်မြို့ ဆုတောင်းပြည့်ဘုရားကြီးကျောင်း၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား

**နတ်မောက် နိုဝင်ဘာ ၅**

တန်ဆောင်မုန်းလပြည့်နေ့တွင် နတ်မောက်မြို့နယ်အတွင်းရှိ တန်ခိုးကြီး ဘုရားများ၊ ဘုရားကျောင်းကန် စေတီပုထိုးများ၌ ကုသိုလ်ပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

နတ်မောက်မြို့၏ ဆုတောင်းပြည့်ဘုရားကြီးတွင် တန်ဆောင်မုန်းလပြည့်နေ့ ညနေပိုင်း၌ ဒေသခံပြည်သူများအပါအဝင် ဘုရားဖူးလာသူများက ဆုတောင်းပြည့်ဘုရားကြီးအား ပန်း၊ ရေချမ်း၊ ဖယောင်းတိုင်မီးများ၊ အမွှေးတိုင်များ ကပ်လှူပူဇော်ကြပြီး ဘုရားကြီးတွင် ဓမ္မစကြာများ ရွတ်ဆိုခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**လှဝင်း**

## ကော့သောင်းမြို့တွင် (၅၃)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓပူဇနိယဘုရားပွဲတော် ကျင်းပ

**ကော့သောင်း နိုဝင်ဘာ ၅**

ကော့သောင်းမြို့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကို တန်ဆောင်မုန်းလပြည့်နေ့ညမှ စတင်၍ ကျင်းပလျက်ရှိရာ (၅၃)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓပူဇနိယဘုရားပွဲတော်၌ နှစ်ကျိပ်ရှစ်ဆူကုန်သော ဗုဒ္ဓရုပ်ပွားတော်မြတ်များအား မွန်းလွဲပိုင်းမှ စတင်ကာ ရွှေပြည်စိုးကျေးရွာမှ ကော့သောင်းမြို့အတွင်း ဒေသစာရီလှည့်လည်ပူဇော်ပွဲ ကျင်းပသည်။



ကော့သောင်းမြို့တွင် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော် လှည့်လည်ပူဇော်ပွဲကို ပြည်တော်အေး သာသနာ့ဗိမာန်တော်မှ တန်ဆောင်မုန်းလဆန်းပိုင်းမှ စတင်ကာ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် သီတင်းနှစ်ပတ်မျှ ယာယီကိန်းဝပ်စံပယ် အပူဇော်ခံကာ တန်ဆောင်မုန်းလပြည့်ညတွင် မင်္ဂလာစည်တော်အကအဖွဲ့များ၊ ဥပသကာအဖွဲ့များဖြင့် မြို့တွင်းသို့ ဒေသစာရီလှည့်လည် အပူဇော်ခံကြရာ ရပ်ကွက်အလိုက်ပြည်သူများက ဖူးမြော်ကြည်ညိုကြပြီး အလှူဒါနပြုခြင်း၊ စတုဒိသာများဖြင့် လှူဒါန်းကြသည်။

အဆိုပါ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓပူဇနိယပွဲတော်ကို ပြည်တော်အေးစေတီတော်မြတ်ကြီးတွင် တန်ဆောင်မုန်းလပြည့်နေ့ညမှ စတင်ကာ လပြည့်ကျော် ၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

**ခရိုင်(ပြန်/ဆက်)**

## ကွန်ဟိန်းမြို့ မဟာကမ္ဘောဇပြည်ငြိမ်းအေးစေတီတော်၌ ဆီမီးတစ်ထောင် ထွန်းညှိပူဇော်ပွဲ ကျင်းပ

**ကွန်ဟိန်း နိုဝင်ဘာ ၅**

ကွန်ဟိန်းမြို့ အမှတ်(၄)ရပ်ကွက်အတွင်းရှိ မဟာကမ္ဘောဇပြည်ငြိမ်းအေးစေတီတော်တွင် နိုဝင်ဘာ ၄ ရက်က ဆီမီးတစ်ထောင် ထွန်းညှိပူဇော်ပွဲ ကျင်းပသည်။



ဆီမီးတစ်ထောင် ထွန်းညှိပူဇော်ပွဲတွင် စစ်ဗျူဟာ(အခြေချ)(ကွန်ဟိန်း) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ဝင်းသုအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ/မြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများက ဆီမီးတစ်ထောင်ထွန်းညှိပူဇော်ခဲ့ကြပြီး စတုဒိသာများဖြင့် အလှူဒါနများ ပြုလုပ်ကြသည်။

ထို့နောက် ဒေသခံတိုင်းရင်းသားပြည်သူများက တိုးနယားအကနှင့် ကိန္နရီ/ကိန္နရာအကများဖြင့် ဖျော်ဖြေကြရာ စစ်ဗျူဟာ(အခြေချ)(ကွန်ဟိန်း) စစ်ဗျူဟာမှူးနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့်အဖွဲ့ဝင်များက ဆုများ ချီးမြှင့်ပေးပြီး မီးပုံးပျံလွှတ်တင်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောက်ပန်းတောင်းမြို့နယ်တွင် တန်ဆောင်မုန်းလပြည့်နေ့၌ ဘုရားစေတီများတွင် ဘုရားဖူးပြည်သူများဖြင့် စည်ကား

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၅**

ကျောက်ပန်းတောင်းမြို့နယ်တွင် တန်ဆောင်မုန်း လပြည့်နေ့တွင် ဘုရားပုထိုးစေတီများ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားမှုများပြားလျက်ရှိပြီး မြို့ပေါ်တွင်လည်း စတုဒိသာ လှူဒါန်းကျွေးမွေးရာနေရာများနှင့် ကံစမ်းမဲဖောက် ကုသိုလ်ပြုရာ နေရာတို့တွင် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

သာမညဖလ အခါတော်နေ့ (ခေါ်) တန်ဆောင်မုန်းလပြည့်နေ့၌ ဘုရားပုထိုးစေတီများတွင် ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ခြင်း၊ သာမညဖလ သုတ္တန် ဒေသနာတော် ရွတ်ဖတ်ပူဇော်ခြင်းများဖြင့် ဘုရားဖူးပြည်သူများ စည်ကားလျက်ရှိ၍ ဘုရားဖူးလာပြည်သူများအား အလှူရှင် စေတနာရှင်များက တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့လိုက်သော်လည်းကောင်း မဲဇလီဖူးသုပ်များ၊ လက်ဖက်သုပ်များ၊ ကြာဆံဟင်းခါးများ ကျွေးမွေးခြင်းဖြင့် ကုသိုလ်ယူကြသည်။



မြို့ပေါ်ရပ်ကွက်များ၌ ပြည်သူများအား မုန့်ဟင်းခါး၊ ထမင်း စတုဒိသာ ကျွေးမွေးရာနေရာများနှင့် ကံစမ်းမဲဖောက် ကုသိုလ်ပြုရာနေရာများတွင်လည်း ညပိုင်းအထိ စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**



မြောင်းမြမြို့၌ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်သူများစုပေါင်း၍ ပါဠိတာရုံကျောင်းတိုက်နှင့် ရပ်ကွက်၊ ကျေးရွာအတွင်းရှိ စာသင်ကျောင်းများ၊ ဘုရားကျောင်းကန်စေတီပုထိုးများ၊ ဘုန်းကြီးကျောင်း၊ ဆေးရုံအထင်ကရနေရာများ၊ လမ်းဆုံများ၊ လမ်းဘေး သစ်ပင်သစ်ကိုင်းများ ရှင်းလင်းခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်းတို့ကို ဆောင်ရွက်စဉ်။

ဇေယျာ(မြောင်းမြ)

## ပေါက်ခေါင်းမြို့နယ်၌ ကျောင်းကျန်းမာရေးစစ်ဆေး



**ပေါက်ခေါင်း နိုဝင်ဘာ ၅**

ပေါက်ခေါင်းမြို့နယ်၌ ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအနေဖြင့် ကျောင်းကျန်းမာရေးအသိပညာပေးခြင်းနှင့် ကျောင်းသားကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်းကို အုတ်ပုံကျေးရွာအခြေခံပညာအလယ်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက သွားနှင့်ခံတွင်း ကျန်းမာရေးနှင့်ပတ်သက်သော အကြောင်းအရာများကို ကျောင်းသား ကျောင်းသူများအား အသိပညာပေးပြောကြားပြီး ကျောင်းကျန်းမာရေးဝန်ထမ်းများက ကျောင်းမုန့်ဈေးဆိုင်များ အိုင်အိုဒင်းဆား သုံးစွဲမှုရှိ မရှိ စစ်ဆေးခြင်း၊ စနစ်မှန်လက်ဆေးနည်း သင်ကြားပေးခြင်း၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းမှုရှိ မရှိ စစ်ဆေးခြင်းတို့အပြင် သွားနှင့်ခံတွင်း ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် လက်သည်းခြေသည်းများ စစ်ဆေးပေးခြင်း အစရှိသည့် အထွေထွေကျန်းမာရေး စစ်ဆေးပေးခြင်းများအား ပြုလုပ်ပေးပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကုသမှုများအား ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**

## ပုရင်းတောင်အနောက်ကုန်းကျေးရွာထိပ်ရှိ ရန်နိုမ်အောင်ဦးစေတီတော်တွင် ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ပွဲကျင်းပ



**ဗန်းမောက် နိုဝင်ဘာ ၅**

ဗန်းမောက်မြို့နယ် ပုရင်းတောင်အနောက်ကုန်းကျေးရွာရှိ ရန်နိုမ်အောင်ဦး စေတီတော်တွင် ယမန်နေ့က ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ပွဲ ကျင်းပသည်။

ရန်နိုမ်အောင်ဦးစေတီတော်ဘုရားဝင်းအတွင်း ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ကြမည့် ကျေးရွာသူ ကျေးရွာသားများနှင့် ရွာအနီးအနားမှ ဧည့်ပရိသတ်တို့က အနောက်ကုန်းကျောင်းတိုက်ဆရာတော် ဦးပဏ္ဍိတထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးက မင်္ဂလသုတ်၊ မေတ္တာသုတ်နှင့် ရတနသုတ်တို့ကို ရွတ်ဖတ်ကာ ဆရာတော်နှင့် ပရိသတ်တို့က ဘုရားစေတီအား လှည့်ပတ်ပူဇော်ကြပြီး ဆီမီး ၁၀၀၀ ကို ထွန်းညှိပူဇော်ခဲ့ကြကာ မေတ္တာပို့ဆုတောင်းခဲ့ကြသည်။

လှိုင်ဘွား(ဗန်းမောက်)

## အုတ်တွင်းမြို့နယ်၌ မြို့နယ်လုံးဆိုင်ရာဗုဒ္ဓပူဇနိယပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**အုတ်တွင်း နိုဝင်ဘာ ၅**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၉၂) ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓပူဇနိယပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့မွန်းလွဲပိုင်းက ပဲခူးလမ်းရပ်ကွက်ရှိ ဘုန်းတော်တိုး၊ ဘုန်းတော်ပွင့်၊ ဘုန်းတော်တင့်၊ ဘုန်းတော်မြင့်စေတီတော်မြတ်ကြီး ရှေ့၌ ကျင်းပသည်။

အဆိုပါ မြို့နယ်လုံးဆိုင်ရာဗုဒ္ဓပူဇနိယပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် မြို့နယ်အတွင်းရှိ သံဃာတော် ၁၁၁ ပါးနှင့် သီလရှင် ၅၂ ပါးတို့အား အုတ်တွင်းတပ်နယ်မှ တပ်မိသားစုဝင်များ၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ရပ်ကွက်/ ကျေးရွာ စေတနာရှင် ပြည်သူများစုပေါင်း၍ မဲရုံပေါင်း ၅၇ ရုံဖြင့် စုစုပေါင်း လှူဒါန်းငွေကျပ် ၂၄၈၈၄၅၀၀ တန်ဖိုးရှိ ဆွမ်းဆန်စိမ်း၊ စာရေးတံမဲနှင့်



လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း ဘုရားဂေါပကဥက္ကဋ္ဌထံမှ သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

## ညောင်တုန်းမြို့၌ တန်ဆောင်တိုင်နှစ်ကျိပ်ရှစ်ဆူဘုရားပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**ညောင်တုန်း နိုဝင်ဘာ ၅**

ညောင်တုန်းမြို့နယ်၌ တန်ဆောင်တိုင် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲကို တန်ဆောင်မုန်းလပြည့်မှ လပြည့်ကျော် ၁ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများက ဦးဆောင်၍ မြို့သူမြို့သားများ ရောဂါကင်းရှင်းရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ပဋ္ဌာန်းဒေသနာများ ရွတ်ဖတ်ပူဇော်ကာ မြို့ပေါ် ၁၀ ရပ်ကွက်ရှိ ယာယီစံကျောင်းတော်မှ အပူဇော်ခံထားရှိသည့် နှစ်ကျိပ်ရှစ်ဆူ ဘုရားများအား မြို့တွင်းသို့ ဒေသစာရီကြွချီ လှည့်လည်အပူဇော်ခံခဲ့သည်။

ထို့အတူ မြို့နယ်အတွင်းရှိ ဘုရား၊ ကျောင်းကန်၊ စေတီများ၌ ဆီမီးများ ထွန်းညှိပူဇော်ခြင်း၊ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ပဋ္ဌာန်းဒေသနာများ ရွတ်ဖတ်ပူဇော်ခြင်းများနှင့် ပျော်ပွဲရွှင်ပွဲများအဖြစ် ပွဲလမ်းသဘင်များ၊ ဈေးရောင်းပွဲတော်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ငရုတ်ကောင်းမြို့၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော် ကျင်းပ

**ငရုတ်ကောင်း နိုဝင်ဘာ ၅**

ငရုတ်ကောင်းမြို့ရှိ ဘုရားစေတီပုထိုးများတွင် နိုဝင်ဘာ ၄ ရက်က ဆီမီးကပ်လှူပူဇော်သူများ၊ ဈေးရောင်းပွဲတော်သို့ လာရောက်သူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် ရပ်ကွက်လမ်းမကြီးများတစ်လျှောက် ဆီမီးထွန်းညှိပူဇော်ခြင်း၊ ဘုန်းတော်ကြီးကျောင်းတိုက်များ၌ ဆီမီးထွန်းညှိပူဇော်ခြင်း၊ အမှတ်(၁)ရပ်ကွက် ဓမ္မိကာရုံဘုန်းတော်ကြီးကျောင်းအတွင်း ဈေးရောင်းပွဲတော်နှင့် အကပဒေသာများဆင်နွှဲပြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ငရုတ်ကောင်း(ပြန်/ဆက်)



## ပေါင်းတည်၌ အသက်နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံ တိုက်ကျွေး

**ပေါင်းတည် နိုဝင်ဘာ ၅**

ပေါင်းတည်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး၌ အသက်နှစ်နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သန်းသန်းချစ် ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက ယနေ့ နံနက်ပိုင်းမှစ၍ ဆောင်ရွက်ပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံ၊ တိုက်ကျွေးပေးရာတွင် နှစ်လသား



အရွယ်မှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များအား ဘီစီဂျီ၊ ဆုံဆို့၊ကြက်ညှာ၊မေးခိုင်၊အသည်းရောင် အသားဝါဘီ၊ ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်ကာကွယ်ဆေး)၊ ပိုလီယိုကာကွယ်ဆေးထိုးဆေး(IPV)၊ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင် (PCV)၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝက်သက်ဂျိုက်သိုး ရောဂါကာကွယ်ဆေး ၁၂ မျိုးတို့ကို ထိုးနှံပေးခြင်းနှင့် ပိုလီယိုအကြောသေရောဂါကာကွယ်ဆေးများကို တိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။

ရွှေသား(IPRD)



## သဲကုန်းမြို့နယ်၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့်ဟောပြောပွဲ ကျင်းပ

**သဲကုန်း နိုဝင်ဘာ ၅**

သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ (၁၀၅)နှစ်မြောက် အမျိုးသား အောင်ပွဲနေ့အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် အသိပညာပေး ဟောပြောကို ယနေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင့်နန္ဒာခွေးက ယနေ့ကျောင်းသားလူငယ်များ အမျိုးသားအောင်ပွဲနေ့အပါအဝင် နေ့ထူးနေ့မြတ်များအား အစဉ်သတိရ မြတ်နိုးလေးစား တန်ဖိုးထားတတ်စေရန်၊ စာပေဖတ်ရှုလေ့လာပြီး အသိပညာဗဟုသုတ တိုးပွားရရှိစေရန်၊ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများက မိမိတို့လေ့ကျင့်ထားသော ကဗျာများဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက အမှတ်တရ ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ကိုကျော် (ပြန်/ဆက်)



## မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ အသက်နှစ်နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေး

**မိုင်းရှူး နိုဝင်ဘာ ၅**

မိုင်းရှူးမြို့နယ်တွင် အသက်နှစ်နှစ်အောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်သည်။

ကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက အသက်နှစ်နှစ်အောက် ကလေးငယ်များအား ကိုယ်အလေးချိန်တိုင်းတာပေးခြင်း၊ ဘီစီဂျီ၊ အသည်းရောင်အသားဝါ(ဘီ)၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော(ရိုတာ)၊ ပိုလီယို၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဝက်သက်၊ ဂျိုက်သိုး၊ ဂျပန်ဦးနှောက်ရောင် စသည့် ပုံမှန်ကာကွယ်ဆေးများကို စနစ်တကျတိုက်ကျွေး ထိုးနှံပေးပြီး အသက်ခြောက်လမှ ငါးနှစ်အထိ ကလေးငယ်များအတွက် ဗီတာမင်နှင့် အာဟာရဖြည့်မှုန့် ပေးဝေခဲ့ကြောင်း သိရသည်။

သန်းလူ(ပြန်/ဆက်)

## ချမ်းအေးသာစံမြို့နယ်၌ စာဖတ်ဝိုင်းကျင်းပ

**ချမ်းအေးသာစံ နိုဝင်ဘာ ၅**

ချမ်းအေးသာစံမြို့နယ်တွင် စာဖတ်ဝိုင်းအခမ်းအနားကို လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာမကြီး ဒေါ်ခင်မျိုးမြင့်ရွှေက စာရေးဆရာကြီး မြသန်းတင့် ရေးသားထားသော ဧကရီဖွားစောစာအုပ်တွင် ပါဝင်သည့် မှတ်သားဖွယ်ရာအကြောင်းအရာများအား ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် စာရေးဆရာကြီး ဆရာမကြီးများက သိရှိလိုသည်များနှင့် မှတ်သားဖွယ်ရာ ဗဟုသုတများစွာအား ဆွေးနွေးဖလှယ်ခဲ့ကြသည်။

ချမ်းမြွေမောင်(ချမ်း/စံ)

# လူငယ်လူရွယ်တွေကို လမ်းမှားပေါ်ရောက်အောင် မဟုတ်မမှန်လုပ်ကြံသတင်းထုတ်လွှင့်ပြီး ဝါဒမှိုင်းတွေလုပ်နေတာတွေကို စာဖတ်ပရိသတ်သိအောင်၊ အမှန်တရားတွေကို လက်ခံလာနိုင်အောင် ရေးသားထား

ရဲမင်းစိုး

**ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၄ ခုနှစ်အတွင်း ပထမအကြိမ် ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်၍ အမျိုးသားစာပေဆုများ ပေးအပ်ချီးမြှင့်ရန် စာရေးဆရာ၊ ဆရာမများ၏ အမည်စာရင်းများကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ သို့ပါ၍ စာပေနယ်ပယ်အသီးသီးမှ အမျိုးသားစာပေဆုရရှိသည့် စာပေပညာရှင်များနှင့် မေးမြန်းထားသည်များကို ရေးသားလိုက်ရပါသည်-**

**ရဲမင်းစိုး**

**လေလှိုင်းကြားက အသက်ရှူသံများနှင့် (စစ်သည်နှလုံးသား ခံစားချက်ဝတ္ထုတိုများ) စာအုပ်ဖြင့် အမျိုးသားစာပေ(ဝတ္ထုတိုဆု)**

ကျွန်တော့်နာမည် ဦးစိုးမြင့်၊ ကလောင်အမည် ရဲမင်းစိုး ဖြစ်ပါတယ်။ လက်ရှိကလောခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးတာဝန်များ ထမ်းဆောင်လျက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ စာပေဗိမာန်စာမူဆုပြိုင်ပွဲများ၊ တပ်မတော်အနေနဲ့ မူးယစ်ဆေးဝါးတားဆီးထိန်းချုပ်ရေး ပြိုင်ပွဲတွေမှာ ဝင်ရောက်ပြိုင်ပွဲဝင်ခဲ့ပြီး စာပေဗိမာန်ပထမဆု၊ ဒုတိယဆု အပါအဝင် ဆုရအကြိမ်ရေ (၁၆)ကြိမ် ရှိပါပြီ။


စာရေးသူတိုင်းကတော့ နိုင်ငံတော်က ချီးမြှင့်ပေးတဲ့ အမျိုးသားစာပေဆုကို လိုချင်ကြတာပါပဲ။ ကျွန်တော်လည်း လိုချင်လို့ ကြိုးစားခဲ့ရတာပါ။ အမျိုးသားစာပေဆုရတယ်လို့ စာပေရောင်းရင်းတွေ၊ မိတ်ဆွေသူငယ်ချင်းတွေကပြောတော့ ယုံတောင်မယုံနိုင်ပါဘူး။ ကိုယ်တိုင်တွေ့ကြုံခံစားခဲ့ရတာအပြင် တပ်မတော်သားတွေရဲ့ ဘဝ၊ မှီခိုမိသားစုတွေရဲ့ဘဝကို ထင်ဟပ်ပေါ်လွင်အောင် ရေးသားခဲ့လို့လည်း နိုင်ငံတော်အစိုးရက အခုလိုအမျိုးသားစာပေဆုချီးမြှင့်ခံရတဲ့အတွက် အတိုင်းမသိ ပီတိဖြစ်မိပါတယ်။

အမျိုးသားစာပေဆုရရှိခဲ့တဲ့ "လေလှိုင်းကြားက အသက်ရှူသံများ" ဝတ္ထုတိုလေးက နောင်ချို၊ ကျောက်မဲနယ်မြေ၊ ဂုတ်တွင်းတံတားတိုက်ပွဲဖြစ်စဉ်အမှန်လေးကို ခံစားရေးဖွဲ့ထားတာဖြစ်ပါတယ်။ တပ်မတော်သားတွေရဲ့ ရှေ့တန်းစစ်ဆင်ရေးတာဝန်ထမ်းဆောင်နေရသူတွေ နောက်တန်းကျန်ခဲ့တဲ့ မိသားစုတွေရဲ့လှုပ်ရှားမှုပုံရိပ်တွေကို ရေးသားထားတာ ဖြစ်ပါတယ်။ ခင်ပွန်းဖြစ်သူဗိုလ်ကြီး ကျော်ရဲဝင်းက တပည့်စစ်သည်တွေနဲ့ နောက်ဆုံးအကြိမ်အထိအသက်စွန့်တိုက်ပွဲဝင်ခဲ့ပြီး ခင်ပွန်းဖြစ်သူ ကျဆုံးသွားပြီးနောက် မုဆိုးမဖြစ်ခဲ့ရတဲ့ ဇနီးဖြစ်သူရဲ့ ခံစားချက်၊ ဖခင်မဲ့သွားရတဲ့ သားဖြစ်သူရဲ့ ရှေ့ဆက်ရမယ့် ခရီးအတွက် လေလှိုင်းတွေကြားထဲ ရှူသွင်းရမယ့် အသက်ရှူသံတွေက ဘယ်လိုရှိမလဲဆိုတာကို ပုံဖော်ရေးသားထားတဲ့ ဝတ္ထုတိုလေး ဖြစ်ပါတယ်။

အခု ဆုရတဲ့ ဒီစာအုပ်လေးက ၂၀၂၄ ခုနှစ် ဇူလိုင်လထဲမှာ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းကနေ ထုတ်ဝေတဲ့ (၇) အုပ်မြောက် စာအုပ်ဖြစ်ပါတယ်။ ဒီမှာလည်း ပြောစရာတစ်ခု ရှိပါတယ်။ ကျွန်တော့်စာမူတွေနဲ့ ပတ်သက်ပြီး ထုတ်ဝေသူအချို့ လာရောက်ကမ်းလှမ်းကြတာ ရှိပါတယ်။ သို့သော်လည်း ကျွန်တော့်ကို စာပေလောကထဲကို "အမိန့်ဟူသည်" ဝတ္ထုတိုလေးနဲ့ မဂ္ဂဇင်းမှာ ဖော်ပြပေးခံရပြီး ရဲမင်းစိုး ဆိုတဲ့ ကလောင်တစ်ချောင်း ဖြစ်မြောက်အောင် မြေတောင်မြှောက်ပေးခဲ့တဲ့အပြင် ဆက်လက်၍လည်း (၇၃) နှစ်မြောက် တပ်မတော်နေ့စာမူပြိုင်ပွဲမှာ တတိယဆုရရှိခဲ့တဲ့"မမေ့နိုင်သော လက်ဖက်ရည်တစ်ခွက်" စသည့်ဝတ္ထုတိုလေးကို ထပ်မံဖော်ပြပေးခံရပြီး ပင်တိုင်စာရေးသူအဖြစ် ယနေ့အချိန်ထိ ဝတ္ထုတို/ ကဗျာတွေကို ဖော်ပြပေးနေတဲ့မဂ္ဂဇင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့လည်း မည်သူတွေပဲ လာရောက်ကမ်းလှမ်း ကမ်းလှမ်း ကျွန်တော့်အနေနဲ့ စာပေသစ္စာရှိစွာဖြင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်နဲ့ပဲ ဆက်လက်ထွက်ရှိမယ့် စာအုပ်တွေကိုလည်း ဆက်လက်ထုတ်ဝေသွားမှာ ဖြစ်ပါတယ်။



ရဲမင်းစိုး



ဒွေးကြည်(စလင်း)

နောက်ပြီး နှစ်(၈၀)ပြည့် တပ်မတော်နေ့မှာ ဝတ္ထုတိုပထမဆုရရှိခဲ့တဲ့ "ညာခြေတစ်ဖက်ပေးဆက်ခဲ့ရသည့်တိုင်" ဝတ္ထုတိုလေးဟာ ယနေ့ဖြစ်ပေါ်တွေ့ကြုံနေရတဲ့ တပ်မတော်က ကူးပြောင်းတာဝန်ထမ်းဆောင်တဲ့သူတွေအပေါ်မှာ အရပ်ဘက်ဝန်ထမ်းတွေရဲ့ မနာလိုစိတ်ဖြင့် ဆက်ဆံမှုတွေကို ကိုယ်တိုင်တွေ့ကြုံခံစား ရေးသားထားပြီး မီးမောင်းထိုးထားတဲ့ ဝတ္ထုတိုလေးဖြစ်ပါတယ်။ အခြားသော ဝတ္ထုတိုလေးတွေကလည်း ကိုယ်တွေ့ခံစားရေးဖွဲ့ထားတဲ့ဝတ္ထုတွေပါပဲ။ ကျွန်တော့်ဝတ္ထုတွေအားလုံးက "မုတ" ဆိုတဲ့ ကိုယ်တွေ့ခံစားရေးဖွဲ့ထားတာဖြစ်လို့ ဒီနေ့ဖြစ်ပေါ်တွေ့ကြုံနေရတဲ့ လူငယ်လူရွယ်တွေကို လမ်းမှားပေါ်ရောက်အောင် မဟုတ်မမှန် လုပ်ကြံသတင်းထုတ်လွှင့်ပြီး ဝါဒမှိုင်းတွေလုပ်နေတာတွေ၊ တပ်မတော်သားတွေအပေါ်မှာ နိုင်ငံရေးသမားအချို့ အမြင်မကြည်လင်သူအချို့က ပြည်ပနိုင်ငံအားကိုးပြီးပြိုကွဲအောင် ဆောင်ရွက်နေတာတွေကို စာဖတ်ပရိသတ်သိအောင်၊ အမှန်တရားတွေကို လက်ခံလာနိုင်အောင် ရေးသားထားတဲ့ စာမူကြမ်းပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ စာရေးသူတွေအနေနဲ့က စာဖတ်ပရိသတ်ကို ကောင်းမွန်တဲ့ သုတရသတွေပေးနိုင်အောင် စာကောင်း စာမွန်တွေကို ဖတ်မှတ်လေ့လာ အတုယူပြီး ရသစုံကိုယ်တွေ့ကြုံခံစားရတဲ့ အကြောင်းအရာတွေကို ရေးသားနေရဦးမှာပါ။ ဆက်လက်ကြိုးစားနေပါဦးမယ်လို့ ပြောကြားချင်ပါတယ်။

**ဒွေးကြည်(စလင်း)**

**လက်ဖျော်ကော်ဖီစာအုပ်ဖြင့် အမျိုးသားစာပေကဗျာ(ခေတ်ပေါ်)ဆု**

နိုင်ငံတော်က ဦးဆောင်ကျင်းပပြီး စာပေပညာရှင်ကြီးများက ဆုရွေးချယ်ပေးတဲ့ ၂၀၂၄ ခုနှစ်အတွက် စာပေဆုမှာ လက်ဖျော်ကော်ဖီ ခေတ်ပေါ်ကဗျာ စာအုပ်နဲ့ အမျိုးသားစာပေဆုကို ထိုက်တန်စွာ ရရှိလို့ အတိုင်းမသိ ဝမ်းသာပီတိဖြစ်ပါတယ်။ ဆက်လက်၍လည်း ကဗျာစာပေအနုပညာများ ဆက်လက်ရေးသားရင်း တိုင်းပြည်အကျိုးကို ဆောင်ရွက်သွားမယ်လို့ ပြောကြားလိုပါတယ်။

လက်ဖျော်ကော်ဖီ ကဗျာစာအုပ်ကို ဖန်တီးမိတာက ခေတ်ပေါ်အယူအဆကို ခေတ်ပေါ်အနုပညာဖြင့် တင်ပြလိုတဲ့အတွက် ဖြစ်ပါတယ်။ ထုဆစ်ဖန်တီးဖြစ်ခဲ့ပုံက ကျွန်တော်အအေးဆိုင်ပဲထိုင်ထိုင် လက်ဖက်ရည်ဆိုင်ပဲထိုင်ထိုင် သစ်သီးဖျော်ရည်မှာတိုင်း လက်ဖျော်နဲ့ စက်ဖျော်ဆိုသည့် ဝေါဟာရလေးကို ခဏခဏ ကြားရဖန်များလာတယ်၊ အဲဒီလိုကြားရတဲ့အခါမှာ လက်ဖျော်ဆိုတဲ့ ဝေါဟာရလေးက ရင်ထဲရောက်ရှိလာပြီး အမြဲတေလို ရွှေလိုဥထားရင်းနဲ့ တစ်နေ့မှာ ကော်ဖီတစ်ခွက် မှာသောက်မိရာကနေ လက်ဖျော်ဆိုသည့် ဝေါဟာရလေးက ရုတ်တရက် နိုးထလာတာနဲ့ ကော်ဖီဆိုတဲ့ စကားလေးနဲ့ တွဲဖက်လိုက်မိရာကနေ လက်ဖျော်ကော်ဖီဆိုတဲ့ ခေါင်းစီး ရရှိလာတာပါ၊ ဒီလက်ဖျော်ကော်ဖီဆိုတဲ့ စာအုပ်ထွက်ပေါ်လာခဲ့တာပါ။

**ကိုယ်ရေးအကျဉ်း**

ဦးဒွေးကြည် (စလင်း)ကို အဖ ဦးပြန့်၊ အမိ ဒေါ်ကြီးမြင့်တို့က ၁၃၁၉ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်တွင် စလင်းမြို့ မြင်တင်ရပ်၌ မွေးဖွားခဲ့သည်။ ငယ်စဉ် ပထမတန်းမှစ၍ အနုပညာဗီဇပိုးပါရှိခဲ့ပြီး ဆရာများထံတွင် လေ့လာသင်ယူခဲ့သည်။ စလင်းမြို့ အထက်တန်းကျောင်းတွင် အဋ္ဌမတန်းအထိ ပညာသင်ယူခဲ့သည်။ ၁၉၇၆ ခုနှစ် ယုဝတီဂျာနယ်တွင် နံ့သာသ၍ မလှသောမျက်နှာ ကဗျာဖြင့် စာပေလောကသို့ ရောက်ရှိခဲ့သည်။

တိုင်းရင်းမေ၊ သင့်ဘဝ၊ ရုပ်ရှင်အောင်လံ၊ စာပေလုပ်သား၊ မိုးဝေ၊ ရုပ်ရှင်တေးကဗျာ၊ ဖက်ရှင်၊ သပြေ၊ ချယ်ရီ၊ မြို့တော်၊ စံပယ်ဖြူ၊ ငွေတာရီ၊ မြဝတီစသည့် မဂ္ဂဇင်းပေါင်း ၇၀ ကျော်တွင် ကဗျာ၊ ဆောင်းပါး စုစုပေါင်းစာမူ ၁၅၀၀ ခန့် ရေးသားခဲ့သည်။ ဆရာ ဘီအီးဒီအောင်သိုက်နှင့် မြို့တော် မောင်ယဉ်အောင် တို့ အမှာစာရေးပေးသည့် ဒေါင်းအသည်း၏ ဒဿနိက ကဗျာစာအုပ်၊ ဆရာငြိမ်းကျော် အမှာစာရေးသည့် နှင်းဆီဖူး၏ ဆူးတံခါးအဖွင့် ကဗျာစာအုပ်၊ ဆော့(ဖ်)ပင် ကဗျာစာအုပ်၊ စိတ်ကူးချိုချိုမှ ထုတ်ဝေသည့် မြို့လား(၁၀၀) ကဗျာစာအုပ်၊ ည ၈ နာရီ ချောကလက် ကဗျာစာအုပ်၊ ရုပ်သေးသစ်ပင် အက်ဆေးစာအုပ်၊ ဇာတ်ခုံပေါ်မှ အလွဲများ ဟာသစာအုပ်၊ ဝေန် အနုပညာရပ်ဝန်းမှ ထုတ်ဝေသည့် လက်ဖျော်ကော်ဖီ ကဗျာစာအုပ် စုစုပေါင်း ၁၅ အုပ်မျှ ထွက်ရှိခဲ့သည်။ ၂၀၁၅ ခုနှစ် ကျိုက္ကလော့ အမေ့မေတ္တာ စာမူပြိုင်ပွဲတွင် ခေတ်ပေါ်ကဗျာ ပထမဆုရရှိခဲ့သည်။ တေးသီချင်းများလည်းရေးသားရာ ဆရာ တွံတေးသိန်းတန် သီဆိုသည့် ငှက်ခါးမလေးပြန်လာပါ၊ ခွေးဖြူမသို့ စာတစ်စောင်၊ ဟသ်ာတထွန်းရင် သီဆိုသည့် ဆန်ရေတစ်ပွက် တေးသီချင်းများအောင်မြင်၍ တေးသံရှင်များစွာ အထပ်ထပ်ပြန်လည်သီဆိုကြသည်။ အကယ်ဒမီ ဂျိုးဖြူ ဇာတ်တွင် ညမွှေးပန်း၏ လျှောက်လဲချက် ပြဇာတ်ဖြင့် ဇာတ်သဘင်လောကသို့ ရောက်ရှိပြီး ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်းနှင့် တွံတေးသိန်းတန် ဇာတ်များမှစ၍ ဇာတ်သဘင်များ၊ မန္တလေးအငြိမ့်များတွင် သီချင်း၊ အော်ပရာ၊ ပြဇာတ်များ ရေးသားခဲ့သည်။ ထို့ပြင် တိပ်ခွေအသံသွင်း ပြဇာတ် ဇာတ်လမ်းများ၊ ဗီဒီယို ဇာတ်ညွှန်း၊ ဇာတ်လမ်းများရေးသားခဲ့သည်။ ယခုလက်ရှိတွင်လည်း စာပေလမ်းကြောင်းပေါ်တွင် ကဗျာ၊ သီချင်း၊ ပြဇာတ်၊ အော်ပရာဖြင့် စာပေအနုပညာများ ဆက်လက်ရေးသားလျက်ရှိသည်။

**တွေ့ဆုံမေးမြန်း-နဒီမင်း**

## မိုင်းခတ်မြို့၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော

**မိုင်းခတ် နိုဝင်ဘာ ၅**

မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ ကလေးအလုပ်သမား၏အဓိပ္ပာယ်၊ ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက်များနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြော၍ ကျောင်းသား ကျောင်းသူများက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်နှင့် သုတ၊ ရသစာအုပ်များကို ကြည့်ရှုခဲ့ကြသည်။ **နန်းနွယ်နီ(ပြန်/ဆက်)**

## ကျွန်းလှမြို့နယ်၌ အောင်နိုင်တိုးစပါးမျိုး (YSR-1) မျိုးစေ့ထုတ်ကွက် အောင်မြင်ဖြစ်ထွန်း

**ကျွန်းလှ နိုဝင်ဘာ ၅**

ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးရာသီစိုက်ပျိုးခဲ့သော အောင်နိုင်တိုးစပါးမျိုး(YSR-1) မျိုးစေ့ထုတ်ကွက် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

အဆိုပါ စပါးမျိုးသည် သက်လျင်၊ သက်လတ်မျိုးဖြစ်ပြီး အထွက်နှုန်းကောင်းခြင်း၊ စားသုံးမှုကောင်းခြင်း၊ ဆန်သားကြည်လင်ခြင်း ပိုးမွှားဒဏ် အသင့်အတင့်ခံနိုင်ခြင်း၊ နွေမိုးစိုက်ပျိုးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိကြောင်း၊ တောင်သူများအား မျိုးစေ့ရရှိရေး ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး ပညာပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၃၄၀၉၇ ဧက လျာထားပြီး ၃၄၀၉၉ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်



စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရ သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၈ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့



**နေပြည်တော် နိုဝင်ဘာ ၅**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့်ပြည်ပနိုင်ငံသားများကိုစုံစမ်းစစ်ဆေးဖော်ထုတ်၍သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-မဲ့ထော်သလေး(KK Park) နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၅ ဦး၊ အီသီယိုးပီးယားနိုင်ငံသား နှစ်ဦးနှင့် တရုတ်နိုင်ငံသား တစ်ဦး စုစုပေါင်းပြည်ပနိုင်ငံသား ၁၈ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၇၆၂ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၄၀၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၅၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ကလေး-မော်လိုက်သွား ကားလမ်းမပေါ်ရှိ သံကူကွန်ကရစ်အမျိုးအစား ပလ္လူဇဝ တံတားကြမ်းခင်းအား PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၅**

PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ပူးပေါင်းအဖွဲ့များသည် ဒေသကောင်းစားရေးဟု သုံးနှုန်း၍ အမှန်တကယ်တွင် တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ဒေသတွင်းကုန်စည်စီးဆင်းမှုများ ပျက်ပြားစေရန် ရည်ရွယ်၍ အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများနှင့် မီးရှို့ဖျက်ဆီးခြင်းများစသည့် အဖျက်အမှောင့်လုပ်ငန်းများကို ယုတ်မာရိုင်းစိုင်းစွာ ဥပဒေမဲ့ ကျူးလွန်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် မော်လိုက်မြို့ကိုဆက်သွယ်ထားသည့် ကလေး-မော်လိုက်သွား ကားလမ်းမပေါ်ရှိ အများပြည်သူ သွားလာအသုံးပြုလျက်ရှိသော အရှည်ပေ ၃၀၀၊ အကျယ် ၁၈ ပေရှိ သံကူကွန်ကရစ် အမျိုးအစား ပလ္လူဇဝတံတားအား PDF အမည်ခံ အကြမ်းဖက်သမားများက အောက်တိုဘာ ၃၀ ရက်တွင် မီးရှို့ဖျက်ဆီးခဲ့သဖြင့် တံတား၏ တောင်ဘက်ခြမ်းကြမ်းခင်း ၁၀ ပေခန့် မီးလောင်ပျက်စီးခဲ့ရာ အများပြည်သူများ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိဘဲ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ နယ်မြေလုံခြုံရေး ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များက ခရီးသွား အများပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် PDF အမည်ခံ အကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးသွားသော ပလ္လူဇဝ တံတားကြမ်းခင်းအား အမြန်ဆုံးပြန်လည်ပြင်ဆင်ခြင်းများ ဆောင်ရွက်ပေးခဲ့ရာ အောက်တိုဘာ ၃၁ ရက်တွင် ပြီးစီးခဲ့သဖြင့် ကလေး-မော်လိုက်သွား ကားလမ်းမပေါ်၌ အများပြည်သူများ၊ မော်တော်ယာဉ်များ ပုံမှန်အတိုင်း ဖြတ်သန်းသွားလာလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




စစ်ကိုင်းတိုင်းဒေသကြီး ကလေး – မော်လိုက်သွား ကားလမ်းမပေါ်ရှိ ပလ္လူဇဝတံတား အား PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက မီးရှို့ဖျက်ဆီးခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။



PDF အမည်ခံ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့် ကလေး – မော်လိုက်သွား ကားလမ်းမပေါ်ရှိ ပလ္လူဇဝတံတားအား တွေ့ရစဉ်။



PDF အမည်ခံ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့် ကလေး – မော်လိုက်သွား ကားလမ်းမပေါ်ရှိ ပလ္လူဇဝတံတားအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပြုပြင်ပေးခဲ့မှုကို တွေ့ရစဉ်။

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ချမ်းမြသာစည်မြို့နယ်နှင့် မော်ဘီမြို့နယ်တို့၌ လိုင်စင်မဲ့ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ အမျိုးသားနှစ်ဦးအား ဖမ်းဆီးအရေးယူ

**နေပြည်တော် နိုဝင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်တို့၌ နိုဝင်ဘာ ၄ ရက်က လိုင်စင်မဲ့ဆိုင်ကယ်လက်ဝယ်ထားစီးနင်းသူ အမျိုးသားနှစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၄ ရက် နံနက် ၇ နာရီ ၁၅ မိနစ်တွင် ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေအတွင်း လှည့်ကင်း ဆောင်ရွက်နေစဉ် အောင်ပင်လယ်ရပ်ကွက် ၅၆ လမ်းနှင့် ၁၀၅ လမ်းထောင့်အရောက်၌ ၅၆ လမ်းအတိုင်း မြောက်ဘက်မှ တောင်ဘက်သို့ ပုသိမ်ကြီးမြို့နယ် ရွာရှည်ကျေးရွာနေ သဲကိုကို(၄၂)နှစ် မောင်းနှင်လာသည့် SUPER 4 (CB-400) ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ လိုင်စင်မဲ့ဆိုင်ကယ်ဖြစ်ကြောင်း သိရှိရသဖြင့်သဲကိုကိုအားအောင်ပင်လယ်နယ်မြေရဲစခန်းက ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ-၈ ဖြင့်လည်းကောင်း။

အလားတူ နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် မော်ဘီမြို့နယ် မော်ဘီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက လှည့်ကင်းဆောင်ရွက်စဉ် အမှတ်(၄)ရပ်ကွက် မော်ဟောဝန်ပန်းခြံအနီး ရန်ကုန်-ပြည်ကားလမ်းဘေး အရောက်၌ ရွှေပြည်သာမြို့နယ် အမှတ်(၁၆) ရပ်ကွက်နေ ထွန်းလင်း(၂၉)နှစ် မောင်းနှင်လာသည့် Felling 125 ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ လိုင်စင်မဲ့ဆိုင်ကယ်ဖြစ်ကြောင်း သိရှိရသဖြင့် ထွန်းလင်းအား မော်ဘီမြို့မရဲစခန်းက ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ-၈ ဖြင့်လည်းကောင်း အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား



ချမ်းမြသာစည်မြို့နယ်နှင့် မော်ဘီမြို့နယ်တို့၌ လိုင်စင်မဲ့ဆိုင်ကယ် နှစ်စီးဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

# ဇမ္ဗူသီရိမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား အမျိုးသားတစ်ဦး သေဆုံး

**နေပြည်တော် နိုဝင်ဘာ ၅**

နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ်၌ နိုဝင်ဘာ ၄ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၄ ရက် ည ၇ နာရီတွင် ဇမ္ဗူသီရိမြို့နယ် ရာဇသင်္ဂဟလမ်းပေါ် ရာဇသင်္ဂဟလမ်းနှင့်ပြည်ကြီးမဏ္ဍိုင်လမ်းဆုံအနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ သပြေကုန်းအဝိုင်းဘက်မှ အဆင့်မြင့်ဈေးမီးပွိုင့်ဘက်သို့ ဒက္ခိဏသီရိမြို့နယ် ထန်းတစ်ပင် VIP ကွက်သစ်ရပ်ကွက်နေ ထက်မြတ်သူရိန်(၂၆)နှစ် မောင်းနှင်သော YGN-18 9Q-xxxx LANDROVER အနက်ရောင်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ လမ်းယာဘက်ခြမ်း ပလက်ဖောင်းပေါ်တွင် အလှူပြုလုပ်နေသော မင်္ဂလာသိဒ္ဓိရပ်ကွက် ကံ့ကော်အိမ်ရာနေ ရဲလင်းအောင်(၃၁)နှစ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ရဲလင်းအောင်တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သောကြောင့် ထက်မြတ်သူရိန်အား အမှတ်(၁)မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး။**

# လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ယာဉ်တိုက်မှုဖြစ်ပွား အမျိုးသားနှစ်ဦးနှင့် ကလေးတစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် နိုဝင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၌ နိုဝင်ဘာ ၄ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားနှစ်ဦးနှင့် ကလေးတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၄ ရက် ညနေ ၄ နာရီ မိနစ် ၅၀ တွင် လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၅ မိုင် ၃ ဖာလုံအနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၃) လမ်းဆုံအမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရွှေပြည်သာမြို့နယ် (၁၂)ရပ်ကွက်နေ စိုးလင်းအောင်(၃၁) နှစ် မောင်းနှင်လာသည့် BGO-27 6R-xxxx Keyton ယာဉ်သည် မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ လက်ယာဘက်ယာဉ်ကြောအတိုင်း မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ ရပ်တန့်ထားသည့် မော်တော်ယာဉ်တစ်စီးအား တွေ့ရသဖြင့် လက်ဝဲဘက်ယာဉ်ကြောအား ကူးပြောင်းမောင်းနှင်ရန် အချက်ပြမီးပြ၍ အရှိန်လျှော့ မောင်းနှင်စဉ် လားရာတူငှင်း၏အနောက်မှ စမ်းချောင်းမြို့နယ်နေ ဦးငွေအောင်(၄၉)နှစ် မောင်းနှင်လာသည့် BGO-11 9N-xxxx Nissan Vanette မော်တော်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် Keyton ယာဉ်ပေါ် လိုက်ပါလာသည့် ရွှေပြည်သာမြို့နယ် (၁၂)ရပ်ကွက်နေ ဦးဖိုးချို(၂၅) နှစ်နှင့် Nissan Vanette ယာဉ်မောင်း ဦးငွေအောင်၊ အဆိုပါယာဉ်ပေါ် လိုက်ပါလာသည့် မင်္ဂလာဒုံမြို့နယ်နေ မမေသွန်းသီရိ(၁၁)နှစ်တို့တွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် ငွေအောင်အား အမှတ်(၃)လမ်းဆုံအမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား






## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ




အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

**နေပြည်တော် နိုဝင်ဘာ ၅**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် ကျောက်တံခါးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၃၉၁ တန်၊ သစ်မာ ၁ ဒသမ ၁၁၉ တန်နှင့် အခြားသစ် ၁၀ ဒသမ ၃၁၄ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၆၂၁၁၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၃ ရက်တွင် တောင်ကြီးမြို့နယ် ၄ မိုင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း ၁၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၂၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့ Toyota Probox တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၂၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၇၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Caldina တစ်စီး၊ Honda Step တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀) ကိုလည်းကောင်း၊ မြိတ်မြို့နယ် ရှမ်းချောင်းလမ်းမကြီး အကောက်ခွန်ဝန်ထမ်းအိမ်ရာအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၈၀၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်နှစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းနှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၅၇၀၂၆၅) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၅၀၇၂၂၆၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

နိုဝင်ဘာ ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၉၇၈၄၃၈၁)ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**



တရားခံ မဝေဝေဖြိုးအား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## ပြည်ကြီးတံခွန်မြို့နယ်၌ ငွေကျပ် ၁၅၁၅ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၃ ရက် ညနေ ၃ နာရီ ၄၅ မိနစ်တွင် သတင်းအရ ပြည်ကြီးတံခွန်မြို့နယ် (စ)ရပ်ကွက် ၅၅(A)လမ်း ၁၂၇ x ၁၂၈ လမ်းကြားနေ မဝေဝေဖြိုး(၃၀)နှစ်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၂၀၀ (တစ်ပြားလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၄၁၆ သိန်း)နှင့် ဘိန်းဖြူ ၀ ဒသမ ၂၂ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၄၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၉၉ သိန်း)တို့အား ဖမ်းဆီးရမိသဖြင့် မဝေဝေဖြိုးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကျိုင်းတုံမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီတွင် သတင်းအရ ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာ အုပ်စု စွန်နော်ခမ်းကျေးရွာအနီး လမ်းမပေါ်တွင် လမ်းလျှောက်လာသူ ကို့ထေ(၅၀)နှစ် စွန်နော်ခမ်းကျေးရွာ ယန်းလောကျေးရွာအုပ်စု ကျိုင်းတုံမြို့နယ်နေသူအား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၀၀ (တစ်ပြားလျှင် ငွေကျပ် ၇၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၂ ဒသမ ၄ သိန်း) အား ဖမ်းဆီးရမိသဖြင့် ကို့ထေအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



တရားခံ ကို့ထေအား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရစဉ်။



တရားခံ လော်ဘူအား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## တာချီလိတ်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၄ ရက် ညနေ ၃ နာရီခွဲတွင် သတင်းအရ တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်တွင် လော်ဘူ(၂၅)နှစ် ဖတ်ဟိ(ထက်)ကျေးရွာ လွယ်တော်ခမ်းကျေးရွာအုပ်စု တာချီလိတ်မြို့နယ်နေသူ မောင်းနှင်လာသော မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၇၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၄၂ သိန်း)အား ဖမ်းဆီးရမိသဖြင့် လော်ဘူအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုဝင်ဘာ ၈ ရက်မှ ၁၀ ရက်အတွင်း နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၅

**တိုင်ဖွန်းမုန်တိုင်း "ခန့်မေဂီ" (KALMAEGI)**

**အခြေအနေ**

ယနေ့ ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ် ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ခန့်မေဂီ" (KALMAEGI) သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဆက်လက်တည်ရှိနေသည်။

**နောက် ၃၆ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ တိုင်ဖွန်းမုန်တိုင်း "ခန့်မေဂီ" သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၆ ရက် ညပိုင်းတွင် ဗီယက်နမ်နိုင်ငံကမ်းခြေကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**


အဆိုပါ တိုင်ဖွန်းမုန်တိုင်း"ခန့်မေဂီ"မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့် နိုဝင်ဘာ ၈ ရက်မှ ၁၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**


သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်း သွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။


**မိုး/ဇလ**

Japan Meteorological Agency(JMA)မှ တိုင်ဖွန်းမုန်တိုင်း"ခန့်မေဂီ" (KALMAEGI) လမ်းကြောင်းပြပုံ



မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၅-၁၁-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၈-၁၁-၂၀၂၅ ရက်နေ့မှ ၉-၁၁-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၅-၁၁-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၀-၁၁-၂၀၂၅ ရက်နေ့အတွက် မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ

---

❑ *ကျောဖုံးမှ*

တိုက်စစ်ဆင်ကစားမှုအောက် ခက်ခက်ခဲခဲရုန်းကန်ခဲ့ရပြီး ရှုံးပွဲကြုံတွေ့ခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ရာနှုန်းပြည့် နိုင်ပွဲမှတ်တမ်း ပျက်ပြယ်ခဲ့သလို နိုင်ပွဲဆက်မှု မှတ်တမ်းလည်း ရပ်တန့်ခဲ့ရသည်။

လီဗာပူးအသင်းသည် ပွဲအစပိုင်းကတည်းက ရီးရဲမက်ဒရစ်အသင်းကို ဖိအားပေးကစားနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမား ကော့တွိုက်စ်တို့ အကောင်းဆုံးဟန့်တားကာကွယ်ထားနိုင်သည့်အတွက် ပထမပိုင်းကို ဂိုးမရှိသရေဖြင့် အဆုံးသတ်ခဲ့သည်။ ဒုတိယပိုင်းတွင်လည်း အိမ်ရှင်လီဗာပူးအသင်းကသာ ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့ပြီး အသင်းအတွက် အရေးပါသည့် သွင်းဂိုးကို ပွဲကစားချိန် ၆၁ မိနစ်တွင် ဆဘော့ဆလိုင်း၏ ဖန်တီးမှုမှ ကွင်းလယ်တိုက်စစ်ကစားသမား မက်အလစ္စတာက သွင်းယူပေးခဲ့သည်။

လီဗာပူးအသင်းသည် ယခုအနိုင်ပွဲကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် လေးပွဲကစားပြီး သုံးပွဲနိုင် တစ်ပွဲရှုံး ရလဒ်ရရှိထားပြီး ပြိုင်ဘက် ရီးရဲမက်ဒရစ်အသင်းကလည်း လေးပွဲကစားပြီး သုံးပွဲနိုင် တစ်ပွဲရှုံး ရလဒ် ရရှိထားသည်။

အခြားပွဲစဉ်ရလဒ်များတွင် အာဆင်နယ်က စလာဗီရာကို သုံးဂိုး-ဂိုးမရှိ၊ အက်သလက်တီကိုမက်ဒရစ်က ယူနီယံစိန့်ကို သုံးဂိုး-တစ်ဂိုး၊ မိုနာကိုက ဘိုဒိုဂလင့်ကို တစ်ဂိုး-ဂိုးမရှိ၊ ဘိုင်ယန်မြူးနစ်က ပီအက်စ်ဂျီကို နှစ်ဂိုး-တစ် ဂိုး၊ စပါးက ကိုပင်ဟေဂင်ကို လေးဂိုး-ဂိုးမရှိဖြင့် အသီးသီးနိုင်ပွဲရရှိခဲ့ပြီး ဂျူဗင်တပ်စ်နှင့် စပို့တင်းအသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သလို အိုလံပီယာကော့စ်နှင့် ပီအက်စ်ဗွီအသင်းပွဲစဉ်တွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ ထို့အပြင် နာပိုလီနှင့် ဖရန့်ဖတ်အသင်းပွဲစဉ်တွင်လည်း ဂိုးမရှိ သရေကျခဲ့သည်။ **အောင်ဇော်**

---

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air - FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(၇)ရက်(သောကြာနေ့)ညတွင် ဂီတဂန္ထဝင်တေးသီချင်းများကို လက်ဆင့်ကမ်းတင်ဆက်မှုအနေဖြင့် နာမည်ကျော် ခေတ်ဟောင်းတေးအဆိုတော်ကြီးများနှင့် တက်သစ်စအဆိုတော်များ စုပေါင်း၍ " **အလှကမ္ဘာမြေလက်ဆင့်ကမ်း** "တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၇-၁၁-၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
"အလှကမ္ဘာမြေလက်ဆင့်ကမ်း" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့်
ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | တေးမိုးသွန်းရွာ | Group Song |
| ၂။ | အလှကမ္ဘာမြေဝယ် | ပြိုင်ပအဆိုရှင် |
| ၃။ | ရွှေကိန္နရီလား သုဇာလား | ပြိုင်ပအဆိုရှင် |
| ၄။ | နိုဝင်ဘာမှာလာမှာလား ဒီဇင်ဘာမှာလာမှာလား | ပြိုင်ပအဆိုရှင် |
| ၅။ | အချိန်ရှုမှနားထောင်ပါ | ပြိုင်ပအဆိုရှင် |
| ၆။ | မောင့်ကိုချစ်ဖို့မွေးဖွားလာပါတယ် | ပြိုင်ပအဆိုရှင် |
| ၇။ | ဘယ်နေ့ပြန်လာမှာလဲမောင် | ပြိုင်ပအဆိုရှင် |
| ၈။ | နေ့စဉ်ပိတောက်ပွင့်ပါစေ | ပြိုင်ပအဆိုရှင် |
| ၉။ | အနုပညာပန်းတိုင် | ပြိုင်ပအဆိုရှင် |
| ၁၀။ | မမပုသိမ်သူ | ပြိုင်ပအဆိုရှင် |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/မြို့သစ်မြောက်ရပ်)၊ ဦးပိုင်အမှတ်(၁၃၉ - ခ)၊ မြေဧရိယာ(၀.၀၃၆)ဧကရှိ ဦးကျော်စိုးဝင်း(ဘ)ဦးဘိုးထူး၊ ၉/လဝန(နိုင်)၀၅၀၄၀၄ အမည်ပေါက်နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အား ဦးကျော်စိုးဝင်းမှ ဒေါ်မေထက်ခိုင်(ဘ)ဦးမြင့်သိန်း ၉/လဝန(နိုင်)၁၅၂၇၈၈နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/ရွာမရပ်၊ မြေဧရိယာ (၀.၀၅၅ဧက) ရှိ မြေကွက်အမှတ် (ပ-၄၀၃၀)ကို အမည်ပေါက် ဒေါ်ထိုက်ထိုက်စိုး (ဘ)ဦးမောင်စိုး ၁၂/ဗဟန(နိုင်)၀၉၄၀၅၅မှ ဒေါ်တင်ဇာခိုင် (ဘ)ဦးလှရွှေ ၃/လဘန(နိုင်)၁၀၅၄၆၉နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ အမှတ်(၈)ရပ်ကွက်၊ မြေတိုင်းအမှတ်(၂၇)၊ မြေကွက်အမှတ်($A_{၁}$)၊ မြေဧရိယာ(၀.၁၁၀)ဧက၊ မြေကွက်အမှတ်($A_{၂}$)၊ မြေဧရိယာ(၀.၁၁၀)ဧက၊ မြေကွက်အမှတ်($A_{၃}$)၊ မြေဧရိယာ(၀.၁၁၀)ဧက၊ မြေကွက်အမှတ်($A_{၄}$)၊ မြေဧရိယာ(၀.၁၁၀)ဧက၊ မြေကွက်အမှတ်($A_{၁၁}$)၊မြေဧရိယာ(၀.၁၁၀)ဧက၊ မြေကွက်အမှတ်($A_{၁၂}$)၊ မြေဧရိယာ(၀.၁၁၀)ဧက၊ မြေကွက်အမှတ်($A_{၁၃}$)၊ မြေဧရိယာ(၀.၁၁၀)ဧက၊ မြေကွက်အမှတ်($A_{၁၄}$)၊ မြေဧရိယာ(၀.၁၁၀)ဧက၊ မြေကွက်အမှတ်($A_{၁၅}$)၊ မြေဧရိယာ(၀.၁၁၀)ဧက၊ မြေကွက်အမှတ်($A_{၁၆}$)၊ မြေဧရိယာ(၀.၁၁၀)ဧက၊ မြေကွက်အမှတ်($A_{၁၇}$)၊ မြေဧရိယာ(၀.၁၁၀)ဧက၊ မြေကွက်အမှတ်($A_{၁၈}$)၊ မြေဧရိယာ(၀.၁၁၀)ဧက၊ မြေကွက်အမှတ်($A_{၁၉}$)၊ မြေဧရိယာ(၀.၁၁၀)ဧက၊ မြေကွက်အမှတ်($A_{၂၀}$)၊ မြေဧရိယာ(၀.၁၁၀)ဧက၊ မြေကွက်အမှတ်($A_{၂၁}$)၊မြေဧရိယာ(၀.၁၁၀)ဧက၊ မြေကွက်အမှတ်($A_{၂၂}$)၊ မြေဧရိယာ(၀.၁၁၀)ဧက၊ မြေကွက်အမှတ်($A_{၂၃}$)၊ မြေဧရိယာ(၀.၁၁၀)ဧက၊ မြေကွက်အမှတ်($A_{၂၄}$)၊ မြေဧရိယာ(၀.၁၁၀)ဧက၊ မြေကွက်အမှတ်($A_{၂၅}$) မြေဧရိယာ(၀.၁၁၀)ဧက၊ မြေကွက်အမှတ်($A_{၂၆}$)၊ မြေဧရိယာ(၀.၁၁၀)ဧကရှိ မြေတို့အား ဒေါ်ကြူမေလွင်အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့၊ သာယာအေးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၂၀၆၈၊ လေးရွာ)၊ မြေကွက်အမှတ်(၈၁/၁၄၄၂)၊ မြေဧရိယာ(၀.၀၅၆)ဧကအား လူနေထိုင်အသုံးပြုရန်အတွက် မြေငှားဂရန်(အသစ်) ခွင့်ပြုထုတ်ပေးပါရန် ဒေါ်ခင်ဆွေဦး ၁၂/မဂတ(နိုင်)၀၂၁၁၁၉ မှ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)၊ အိမ်ထောင်စု လူဦးရေစာရင်း (ပုံစံ ၆၆/၆)(မိတ္တူ)၊ ကျမ်းကျိန်ဆိုချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်တို့နှင့်အတူ လာရောက် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍(၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ညောင်ဦးခရိုင်၊ ညောင်ဦးမြို့**

## မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ(နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊
(ခ) လမ်းဆုံလမ်းခွ၊
(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊
(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊
(စ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
(ဇ) လမ်းအလယ်တွင် မျဉ်းဖြူ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်းမျဉ်းကြောင်းသတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊
(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက်(Yellow Box)နေရာ၊
(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

**ကုန်းလမ်းပို့ဆောင်ရေး**
**ညွှန်ကြားမှုဦးစီးဌာန**

## လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ် အထက(ခွဲ) စမ်းကြီးရွာမှ ဒု-မှူးပြ ဦးပိုင်စိုးဦး၏ မိခင် ဒေါ်မိခိုင်နှင့် ဒေါ်မြင့်မြင့်ခိုင် ၁၄/ငပတ(နိုင်)၀၁၂၃၄၄တို့မှာလူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မီးဘေးရှောင်**
**မလောင်ခင်တား**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/1544, Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းလွင် ၇/ပခတ(နိုင်)၀၀၀၈၇၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/20400, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဆန်း ၉/ပဥလ(နိုင်)၀၉၉၂၀၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့) ညချမ်းတွင် မြန်အောင်မြို့ သမိုင်းဝင် ရွှေဘုံသာဘုရား၌ ဆီမီး ၃၀၀၀ ပူဇော်ပွဲနှင့် ဘုရားစေတီပုထိုးများတွင် ဆီမီးပူဇော်ပွဲများကျင်းပ

**မြန်အောင် နိုဝင်ဘာ ၅**

တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့) ညချမ်းတွင် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့ သမိုင်းဝင် ရွှေဘုံသာဘုရား၌ ဆီမီး ၃၀၀၀ ပူဇော်ပွဲနှင့်နှင့် ဘုရားစေတီပုထိုးများတွင် လျှပ်စစ်မီးရောင်စုံ ပူဇော်ခြင်း၊ မီးပုံးပျံလွှတ်တင်ခြင်း၊ မြို့နယ်အတွင်းရှိ ဘုရားစေတီပုထိုးများတွင် လျှပ်စစ်မီးရောင်စုံများဖြင့် ပူဇော်၍ ကောင်းမှုကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိသည်။



မြန်အောင်မြို့ သမိုင်းဝင် ရွှေဘုံသာဘုရား ဆီမီး ၃၀၀၀ ပူဇော်ပွဲတွင် မြန်အောင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့် ဇနီး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးနေမင်းထွန်းနှင့်ဇနီး၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ စုပေါင်း၍ ဆီမီးပူဇော်ထွန်းညှိခဲ့ကြသည်။

အလားတူ မြန်အောင်မြို့ ဆုတောင်းပြည့်ဘုရားနှင့် ပြည်တော်အေးဘုရားအောက်ခြေတို့မှ ဧရာဝတီမြစ်အတွင်း ဆီမီးတစ်ထောင် ပန်းတစ်ထောင် မီးမျှော ပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခြင်း၊ မြို့မတဲကြီးကုန်းကျေးရွာမှ ဆီမီးတစ်ထောင် လှည့်လည်ပူဇော်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ်(မြန်အောင်)**


## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊
(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊
(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊
(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊
(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊
(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။
(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အခန်းတွင်းဝင်ရောက်သည်နှင့် အအေးဓာတ်ရှိနေစေရန် လေအေးပေးစက်များကို နာရီပေါင်းများစွာ ဖွင့်ထားခြင်းက မီတာခများစွာ ကျစေပါမည်။
- လိုအပ်ချိန်မှ ဖွင့်သင့်ပါသည်။



## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၉/၂၀၂၅-၂၀၂၆)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L-175(25-26)CAP | 100 KW Hybrid Solar System တပ်ဆင်ခြင်း (1) Lot | Ks |
| (၂) | DMP/L-176(25-26)CAP | Spare Parts for Carbon/Sulphur Analyzer (1) Lot | Ks |
| (၃) | DMP/L-177(25-26)CAP | Main Header for Gas Receiving and Metering (11) Stations (Turnkey Services) | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၅-၁၁-၂၀၂၅ ရက်မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန)နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် **(energy.gov.mm)** တွင်လည်း ကြော်ငြာထားမည် ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၁၉-၁၁-၂၀၂၅ရက်၊ (၁၃:၀၀)နာရီ**တွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊**
ဖုန်း-၀၉-၂၅၄၀၇၈၀၇၈၊ ၀၉-၄၄၈၅၃၉၈၄၀၂

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၅)၊ မြေကွက်အမှတ် (၁၃၁၂)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးသန်းထွန်း (၁၂/မဂဒ(နိုင်) ၀၀၅၁၂၁) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးနိုင်လင်းအောင် (၉/မလတ(နိုင်) ၀၀၅၅၁၇)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)**

**ဦးဇော်ထွန်းအောင်**
**LL.B, D.B.L, D.M.L.,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅)**

**ဖုန်း-၀၉ ၅၅၀၆၁၄၆၊ ၀၉ ၇၇၇ ၇၁၁ ၃၀၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၈)၊ ရတနာလမ်း၊ မြေကွက်အမှတ်(၁၂၉)၊ အကျယ်အဝန်း(၄၀X၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် မြေကွက်အမှတ်(၁၃၀)၊ အကျယ်အဝန်း(၄၀ X ၆၀)ပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်၊ စုစုပေါင်းမြေကွက်(၂)ကွက်အား မြေအမည်ပေါက်သူများဖြစ်သောဦးအောင်နိုင်ဝင်း(၁၂/သကတ(နိုင်)၀၆၀၁၂၂) နှင့် ဒေါ်နွယ်နွယ်မြင့်(၁၂/သကတ(နိုင်)၀၃၈၂၁၅)တို့ထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကောင်းဆက်နိုင်(၁၂/ဒဂတ(နိုင်)၀၈၀၅၇၈)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးထိန်ဝင်း (၁၃/တကန(နိုင်)၂၈၃၁၆၀) က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းသူရဇော်(LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)**
**ဒေါ်ယမင်းထွေး(LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)**
**ဦးရဲသီဟ(LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)**

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ (၀.၂၃၆)ဧက၊ မြေကွက်အမှတ် (ဥ-၅၂၂၃)၊ ဒေါင်းတောင်းရန်တယ်(စ်) ကုမ္ပဏီလီမိတက်၊ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်ကို ဦးသီဟ ၁၂/သဃက(နိုင်)၁၆၁၂၁၆ (ဘ)ဦးသန်းလွင်မှ (၁၄-၁၀-၂၀၂၅)ရက်စွဲပါ ကုမ္ပဏီဒါရိုက်တာ အစည်းအဝေးဆုံးဖြတ်ချက်တင်ပြ၍ ဒေါ်မြတ်မြတ်စိုး ၉/လဝန(နိုင်)၁၅၁၄၁၁ (ဘ)ဦးစိုးသန်းအမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 82W/36429 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့၊ ကန်သာယာရပ်ကွက်၊ ကွင်းအမှတ်(၄၉၈-က/ကျီကုန်း)၊ ဦးပိုင်(၃၀-ခ-၁)၊ ဒေါ်နန်းမာလာခင် အမည်ပေါက် ဂရန်မိတ္တူ၊ ပုံစံ (၁၀၅)(၁၀၆)မူရင်း ဆက်စပ်စာချုပ်များ၊ ဧရိယာ ပေ(၃၀' x ၄၀')ပေ အတွင်းမှ အနောက်ဘက်ခြမ်း(၁၅'x၄၀')ပေ မြေကို ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသည့် ဒေါ်နန်းမာလာခင်(ဘ) ဦးခင်မောင်စန်း ၉/မရက(နိုင်)၀၆၁၆၂၃ထံမှ ဒေါ်သက်ထားရွှေ(ဘ)ဦးဆန်းထွန်း ၉/စကတ(နိုင်)၁၀၄၉၉၁မှ ဝယ်ယူရန်အတွက် စရန်ငွေကျပ် ၂၅၀၀၀၀၀၀/-(ငွေကျပ်သိန်းနှစ်ရာ့ငါးဆယ်တိတိ)ကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသည့် တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံမှ တစ်ဆင့်ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်သက်ထားရွှေ၏ လွှဲအပ်ချက်အရ-**
**ဒေါ်ခင်မို့မို့ဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၇၁)**
**မြို့မရပ်ကွက်၊ ပုသိမ်ကြီးမြို့၊ ဖုန်း-၀၉-၄၅၆၀၀၀၂၅၆**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ကြို့ပင်ကောက်မြို့နယ်၊ အနောက်မြောက်ရပ်ကွက်၊ ကွင်းအမှတ်(၂[N])၊ အနောက်လမ်းမတော်ရပ်၊ ဦးပိုင်အမှတ်(၉)၊ ဧရိယာ(၀.၀၄၂) ဧကအား ဦးမျိုးကျော်ငြိမ်းမှ မြေငှားဂရန်ခွဲစိတ်၊ အမည်ပြောင်း လျှောက်ထားမှုအပေါ် ကန့်ကွက်လိုပါက (၁၉-၁၁-၂၀၂၅)ရက်အထိ ခိုင်လုံသော အကြောင်းပြချက်ရှိပါက ကန့်ကွက်လွှာ တင်သွင်းနိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လျှောက်ထားသူအား မြေငှားဂရန်ခွဲစိတ်၊ အမည်ပြောင်း ထုတ်ပေးသွားမည် ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**
**ကြို့ပင်ကောက်မြို့**

## အလိမ္မာ စာမှာရှိ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကန်ထရိုက်တိုက်ရငွေများဖြင့် ခရိုင်(၁၄) ခရိုင်အတွင်းရှိ မြို့နယ်များအတွက် လိုအပ်သော 11-6.6/0.4 kV, 200kVA Transfomer (35) Nos အား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံများနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၅.၁၁.၂၀၂၅)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၁၉.၁၁.၂၀၂၅) နေ့၊ (၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရွှေကူရပ်ကွက်၊ လမ်းရှည်လမ်း၊ ကွင်း/အကွက် ၅-ရွှေကူ၊ ဦးပိုင်အမှတ်(၆၁) ပိုင်ဆိုင်ခွင့်(B) မြေ ချိန်ဧရိယာ(၀.၀၆၁)ဧကရှိမြေကွက်နှင့် မြေကွက်ပေါ်ရှိနှစ်ထပ်တိုက်အဆောက်အဦးတို့၏ အကျိုးခံစားခွင့်များအား တရားဝင်အမည်ပေါက် ပိုင်ဆိုင်အကျိုးခံစားနေသူ ဦးကျော်ကျော်ဝင်း (၇/ရတန(နိုင်)၀၁၄၁၈၆) နှင့် ဒေါ်ကြည်ကြည်ဌေး(၇/ရတန(နိုင်)၀၁၄၁၈၅)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးငြိမ်းမောင်(၈/မတန(နိုင်)၀၀၄၂၂၁)နှင့် သမီးဒေါ်မြသီတာ (၈/မတန(နိုင်)၀၀၀၄၃၇) တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူဟု အဆိုရှိသူမည်သူ မဆိုကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ဤကြော်ငြာသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမြင့်ဆွေကျော်(B.A.HGP) အထက်တန်းရှေ့နေ(စဉ်- ၁၉၀၀၈)၊**
**မင်းတုန်းမြို့၊ အိုင်-၁၀၊ နဝဒေးပွဲရုံတန်း၊ ပြည်မြို့၊ ဖုန်း-၀၉၅၃၁၁၁၂၃**

## ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးအောင်ဖြိုးသူ ၉/ခအဇ(နိုင်)၀၁၆၃၉၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ဖြိုးသူနှင့် ဒေါ်ဇင်နန်းလှိုင်မြင့် ၇/ဒဥန(နိုင်) ၁၁၂၈၆၅ တို့သည် (၁၄-၅-၂၀၁၂)ရက်တွင် တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်း နေထိုင်ခဲ့ကြပါသည်။ ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း မတိုက်ဆိုင်ကြသဖြင့် (၅-၁၁-၂၀၂၅)ရက်တွင် နှစ်ဦးသဘာတူ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးအောင်ဖြိုးသူနှင့် ဒေါ်ဇင်နန်းလှိုင်မြင့်တို့သည် ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးအောင်ဖြိုးသူ**
**၉/ခအဇ(နိုင်) ၀၁၆၃၉၆**
**အကွက်အမှတ်(၃၂၀)၊**
**ထင်းဝင်းရပ်ကွက်၊**
**ဒေဝန်းအနောက်၊**
**ချမ်းအေးသာဇံမြို့နယ်၊**
**မန္တလေးတိုင်းဒေသကြီး**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းမြင့်အောင်(LL.B,Advocate)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၄၆၂၄/၂၀၁၈)**
**မြိုင်သဇင်လမ်း၊ သလ္လာအမှတ်**
**(၁)ရပ်ကွက်၊ မုံရွာမြို့**
**ဖုန်း-၀၉-၉၆၁၃၉၉၂၅၄၊၀၉-၇၈၉၉၇၂၅၅၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၆၇၉/လေှကူးကွေ့ကြီး)၊ ဦးပိုင်အမှတ်(ကန်ပါတ်လမ်း ၁၈(က)၊ ဧရိယာ(၀ဒသမ၀၇၀)ဧကရှိ မြေနေရာသည် မြို့မြေအမှုတွဲအမှတ် 22/1998-1999 အရ ဦးသန့်ဇော် အမည်ဖြင့် (၂၅-၅-၁၉၉၈)မှ (၂၄-၅-၂၀၂၈)အထိ နှစ်(၃၀)ရရှိထားသော မြေငှားစာချုပ်ဖြစ်ပြီး အဆိုပါ မြေငှားစာချုပ်အား ဦးကောင်းမြတ်ဟိန်း အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့် (၃၁-၁၀-၂၀၂၅)ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ကန့်ကွက်နိုင် ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန် စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20W/55058, Jialing M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးမွန် ၅/မရန(နိုင်)၂၄၃၁၆၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာမြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် AYY/44151, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုဦး ၇/ပခန(နိုင်)၃၂၅၄၆၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## အမွေစားအမွေခံ သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ ကွင်းကြီးအုပ်စုကွင်းကြီးကျေးရွာနေ စစန်းလွင်+ဒေါ်ချောစုလှိုင်တို့၏သမီး၊ မဟန်နီဇော် ၁၄/ကကန(နိုင်) ၁၆၇၅၁၃သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘတို့ကိုစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ၎င်းအား ယနေ့မှစ၍ အမွေစား အမွေခံသမီး အဖြစ်မှ အပြီးအပြတ် စွန့်လွှတ်လိုက်သည်။ **(စုံစမ်းမေးမြန်းခြင်းသီးခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခိုမောင် (B.A,B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၇၃၃)**
**စာဖြူစုကျေးရွာ၊ ကျောင်းကုန်းမြို့နယ်**

## ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ မော်ဇာကျေးရွာအုပ်စုနှင့် မှုတ်ရှည်ကျေးရွာအုပ်စုတို့ရှိ သီဟိုဠ်သရက်စိုက်ပျိုးရေးဇုန်နှင့် စပ်လျဉ်း၍ ကြော်ငြာချက်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ မော်ဇာကျေးရွာအုပ်စုနှင့် မှုတ်ရှည်ကျေးရွာအုပ်စုတို့ရှိ မြေဧရိယာ(၃၀၈၇.၉၁)ဧကကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့်အား စိုက်ပျိုးလုပ်ကိုင်လိုသူ တောင်သူများသို့ သီဟိုဠ်သရက်စိုက်ပျိုးရန် (၂၈.၈.၁၉၉၂) ခုနှစ်မှစ၍ လုပ်ကွက်များ ချထားပေးခဲ့ပါသည်။ အဆိုပါချထားပေးခဲ့သည့် လုပ်ကွက်များအနက် (၃၁.၁၀.၂၀၂၅) ရက်နေ့အထိ အကောင်အထည်ဖော် လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိသည့် လုပ်ကွက်များကို ပြန်လည်သိမ်းယူသွားမည်ဖြစ်ပါကြောင်း(၂၂.၈.၂၀၂၅) ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ၌ အသိပေးကြော်ငြာခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အချိန်ထိ အကောင်အထည်ဖော် လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိသည့် လုပ်ကွက်များကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၈ခုနှစ်)ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁) နှင့်(၂)တို့အရ သိမ်းယူပြီးဖြစ်ကြောင်းနှင့် မည်သည့်အသနားခံစာကိုမျှ ထည့်သွင်းစဉ်းစားမည် မဟုတ်ကြောင်း၊ ၎င်းမြေပေါ်ရှိ လုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့် အရပ်ရပ်တို့အားလည်း ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**
**ပဲခူးမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊ အဖ ဦးလှကျော်၏သမီးအထက(၂ )မှ အလယ်တန်းပြဆရာမ ဒေါ်လှလှမြင့်နှင့် ဒေါ်လှမြင့် ၉/တကန(နိုင်) ၀၁၂၆၉၂ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်လှလှမြင့်(ခ)ဒေါ်လှမြင့်**
**၉/တကန(နိုင်)၀၁၂၆၉၂**

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

သဲကုန်းမြို့နယ်၊ အလက၊ ဘန့်ဘွေးကုန်းကျောင်းမှ ဒေါ်ရင်စန်း ၇/နတလန(နိုင်)၀၀၆၂၉၀၏ ဖခင်အမည်မှန်မှာ ဦးချစ်စရာဖြစ်၍ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၃-၁၉၆၆ ဖြစ်ပါကြောင်း။

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁ နှင့် ၅)
## ပုဗ္ဗသီရိမြို့နယ်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၄

| | | |
|---|---|---|
| ဒေါက်တာခင်မောင်ညွှန့် | **နှင့်** | ၁။ဦးမင်းမင်း |
| (၎င်း၏အထွေထွေကိုယ်စားလှယ်စာ | | ၂။ ဦးစိုးသက်ဝင်း |
| ရသူ ဦးကောင်းခန့်ကျော်) | | ၃။ ဦးခင်ဇော် |
| **(တရားလို)** | | **(တရားပြိုင်များ)** |

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်၊ စစ်တောင်း (၂)လမ်း၊ အမှတ်(၄၂၁၄)နေ ဦးစိုးသက်ဝင်း(ဘ)ဦးထူးဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါက်တာခင်မောင်ညွှန့် (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးကောင်းခန့်ကျော်)က မမှန်မကန် အရောင်းအဝယ်ပြုလုပ်၍ လက်လွှတ်ဆုံးရှုံးနေရသည့် နေအိမ်ခြံမြေနှင့် အထောက်အထားစာရွက်စာတမ်းများအား လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆို နိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက် (၁၃၈၇ခုနှစ်၊ တန်ဆောင်မုန်းလကွယ်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထက်နန္ဒာအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ပုဗ္ဗသီရိမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၄၇

| | | |
|---|---|---|
| ဒေါ်စမ်းစမ်းထွေး | **နှင့်** | တပ်ကြပ်ကြီး မောင်ကံ |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အိမ်အမှတ် (ဇဇ-၃၂/၄၇)၊ ၄၆x၄၇လမ်းကြား၊ ထွန်တုံးရပ်ကွက်နေ ဦးဘိုနီ၏သားဖြစ်သူ တပ်ကြပ်ကြီး မောင်ကံ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်စမ်းစမ်းထွေးက မန္တလေးမြို့၊ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၂၆)၊ ဦးပိုင်အမှတ်(၆၈)၊ ဧရိယာ(၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်အား ပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၁)ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း(၂)ရက် မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာမှတ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၃၁)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းလဲ့ရည်စိုးဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စီမံကိန်းဦးစီးဌာန
## နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာန (နေပြည်တော်)တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများ အတွက် လျှောက်ထားနိုင်ပါသည် -

| စဉ် | ရာထူး | ရာထူးနေရာ | ပညာအရည်အချင်း သတ်မှတ်ချက် |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး (ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ၁၅ နေရာ | စိုက်ပျိုးရေးသိပ္ပံဘွဲ့ (B.Agr. Sc) |
| (ခ) | ဒုတိယဦးစီးမှူး (ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ၁ နေရာ | စီးပွားရေးဘွဲ့(B.Com) (သို့မဟုတ်) B.Act (သို့မဟုတ်)ဘွဲ့တစ်ခုခုရရှိပြီး D.A ရရှိသူ |
| (ဂ) | ဒုတိယဦးစီးမှူး (ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ၁ နေရာ | ကွန်ပျူတာသိပ္ပံဘွဲ့(B.C.Sc) |
| (ဃ) | ဒုတိယလက်ထောက်ဦးစီးမှူး (ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၈ နေရာ | ဘွဲ့တစ်ခုခုရရှိသူ |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည် -
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက် (၂၈) နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
- (ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅) နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
- (ဃ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။
- (င) အနည်းဆုံးလုပ်သက် တစ်ဆက်တည်း (၃) နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။
- (စ) ကွန်ပျူတာအခြေခံ တတ်ကျွမ်းရမည်။

၃။ လျှောက်လွှာတွင် ပါရှိသော အချက်အလက်များကို ပြည့်စုံစွာဖော်ပြရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါ စာရွက်စာတမ်းများ ပူးတွဲပါရှိရမည်။
- (က) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (အသက်အထောက်အထားအတွက်)
- (ခ) ဘွဲ့လက်မှတ် (သို့) အောင်မြင်ကြောင်း ထောက်ခံချက်မိတ္တူ
- (ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်းထောက်ခံစာမူရင်း
- (ဃ) လိုင်စင်ဓာတ်ပုံ (၂) ပုံ၊ ( ၂ လအတွင်း ရိုက်ကူးထားသော)
- (င) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာမူရင်း
- (စ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
- (ဆ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ
- (ဇ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့် ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်မူရင်း

၅။ လျှောက်ထားသူများသည် စာမေးပွဲကြေး ကျပ် (၂၀၀၀) (ကျပ်နှစ်ထောင်တိတိ)ကို နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားသည့် စီမံကိန်းဦးစီးဌာန၊ ငွေစာရင်းအမှတ် MD-010475 သို့ ပေးသွင်းရမည်ဖြစ်ပါသည်။ သတ်မှတ်ထားသော လျှောက်လွှာကို စီမံကိန်းဦးစီးဌာန၊ စီမံခန့်ခွဲရေးနှင့် ငွေစာရင်းဌာနခွဲ၊ ရုံးအမှတ် (၁၅)တွင် စာမေးပွဲကြေး (၂၀၀၀) (ကျပ်နှစ်ထောင်တိတိ) ပေးသွင်းသည့် ချလန်မူရင်းပြသ၍ ၆-၁၁-၂၀၂၅ရက်မှ စတင်၍ ထုတ်ယူနိုင်ပါသည်။

၆။ လျှောက်ထားသူသည် ရေးဖြေစာမေးပွဲကိုအောက်ပါအတိုင်း နေပြည်တော်တွင် ဖြေဆိုရမည် ဖြစ်ပါသည်-
- (က) မြန်မာစာ (၂) နာရီ မေးခွန်းလွှာ
- (ခ) အင်္ဂလိပ်စာ (၂) နာရီ မေးခွန်းလွှာ
- (ဂ) အထွေထွေဗဟုသုတ (၂) နာရီ မေးခွန်းလွှာ

၇။ လျှောက်လွှာများကို လျှောက်လွှာထုတ်ယူရရှိသည့်နေရာသို့ ၂၅-၁၁-၂၀၂၅ရက်၊ ညနေ (၁၆:၃၀) နာရီ နောက်ဆုံးထား၍ အရောက်ပြန်လည်ပေးပို့ရမည်။ ရေးဖြေစာမေးပွဲကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ၂၉-၁၁-၂၀၂၅ ရက် (စနေနေ့)၊ နံနက်(၉:၀၀)နာရီတွင် စတင်ဖြေဆိုရမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့်ကတ်များကို ၂၆-၁၁-၂၀၂၅ရက်မှ ၂၈-၁၁-၂၀၂၅ရက်ထိ စီမံကိန်းဦးစီးဌာန၊ စီမံခန့်ခွဲရေးနှင့် ငွေစာရင်းဌာနခွဲ၊ နေပြည်တော် ရုံးအမှတ်(၁၅)တွင် ထုတ်ပေးသွားမည် ဖြစ်ပါသည်။ ရေးဖြေ အောင်မြင်သူများအား လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည့်နေ့ရက်ကို ထပ်မံကြေညာပေးမည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးချိန်တွင် အပိုဒ် (၄)ပါ စာရွက်စာတမ်းမူရင်းများ တင်ပြရမည်။

၈။ **ပြည့်စုံခြင်းမရှိသော၊ အချိန်မီရောက်ရှိလာခြင်းမရှိသော လျှောက်လွှာများအား လက်ခံစဉ်းစားမည် မဟုတ်ပါ။** အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဖုန်း-၀၆၇-၄၁၀၆၁၄၊ ၄၁၀၆၆၀၊ ၄၁၀၁၁၇၊ ၄၁၀၁၁၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း နိုင်ပါသည်။ (အကြောင်းအမျိုးမျိုးကြောင့် ရက်၊ အချိန်ပြောင်းလဲမှုဖြစ်ပေါ်ပါက ထပ်မံအကြောင်းကြားပါမည်)

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ရွာဟောင်းကန်ကျေးရွာအုပ်စု၊ ကန်သစ်ကျေးရွာနေ ဦးကျော်သန်း ၈/မကန(နိုင်)၀၈၆၉၀၂-(ဒေါ်ကလေးမ (ခ)ဒေါ်သန်းကြွယ်)တို့၏သားဖြစ်သူ ဦးမင်းဇော် ၁၂/သဃက(နိုင်)၁၅၅၆၇၃ သည် ဖခင်၏ဆုံးမပဲ့ပြင်မှုများအား နာခံခြင်းမရှိသည့်အပြင် ဖခင်အား အမြဲတမ်းဂုဏ်သိက္ခာကျဆင်းစေ၍ ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ဆောင်ရွက်နေသူဖြစ်သောကြောင့် ဦးမင်းဇော်အား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝတို့သည် ဖခင်ဦးကျော်သန်းနှင့် သက်ဆိုင်ခြင်းမရှိကြောင်း၊ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးကျော်သန်း**
**၈/မကန(နိုင်)၀၈၆၉၀၂**

**ဦးကျော်သန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုချိုသက်(L.L.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၄၁)**
**ဖုန်း-၀၉ ၈၈၄၃၀၀၄၃၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ ပုဗ္ဗသီရိရပ်၊ မြေရေိယာ ၀ ဒသမ ၀၅၅ကေရှိ မြေကွက်အမှတ်(ပ-၃၁၇၆၄)ကို အမည်ပေါက် ဒေါ်သီရိစံ (ဘ)ဦးဇော်လွင်ဌေး ၈/မကန(နိုင်)၂၁၉၄၃၉ မှ ဒေါ်ခင်နွဲ့ရီ (ဘ)ဦးအေးစိန် ၈/ပခက(နိုင်)၀၃၈၁၉၁၊ ဒေါ်တင်ပပဝင်း (ဘ) ဦးမော်တင် ၈/ရစက(နိုင်)၀၀၀၅၇၃၊ ဒေါ်တင်မီမီလွင် ၈/ပခက(နိုင်)၀၃၈၁၉၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၆/အောင်ဇမ္ဗူရှိ မြေကွက်အမှတ်(၁၆၇)၊ ဧရိယာ ၀ ဒသမ ၀၃၉ ဧကအား အမည်ပေါက် ဦးကျော်တင့် (ဘ) ဦးထွန်းကြည် ၉/ပမန(နိုင်)၂၀၇၅၂၇ မှ ပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ်(၂၀၈၆/၂၀၂၅)၊ ဝန်ခံကတိပြုချက်၊ ပတ်ဝန်းကျင်အသိသက်သေ(၃)ဦး သက်သေထွက်ဆိုချက်၊ ရပ်ကွက်/ရဲစခန်း ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှာမရပ်၊ မြေရေိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အမှတ်(ပ-၄၀၉၃)ကို အမည်ပေါက် ဒေါ်တင်မာထွေး (ဘ)ဦးသန်းဆောင် ၁၃/ဖခန(နိုင်)၀၃၉၈၁၆မှ ဦးဟိန်းတင့်အောင် (ဘ)ဦးအောင်ခင် ၈/ရစက(နိုင်)၁၉၂၀၅၉ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယျာ(၁၀)လမ်း၊ အမှတ်(၄၁၁)၊ ဒုတိယထပ်/B နေ ဒေါ်ဌေးဌေးဝင်း ၁၂/ဥကတ(နိုင်) ၁၂၄၉၃၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်းဘောင်(၁၅)လမ်း၊ အမှတ်(၁၂၁၃/က)ရှိ အိမ်နှင့်ခြံမြေအား ဖခင်ဖြစ်သူ ဦးလှဝင်း မိခင်ဖြစ်သူ ဒေါ်မြင့်ခင်တို့ ကွယ်လွန်ပြီးနောက် အဆိုပါ အိမ်နှင့်ခြံမြေအား ရောင်းချ၍ သာတူညီမျှ မောင်ဖြစ်သူ ဦးအောင်ဇေယျာမိုး ၁၂/ဥကတ(နိုင်) ၁၂၉၇၇၀ နှင့် ဒေါ်ဌေးဌေးဝင်းတို့သည် အညီအမျှ ခွဲဝေ၍ မိမိတို့ ရပိုင်ခွင့်ရှိသည့် အမွေစုများအား ခွဲဝေပြီးဖြစ်ပါသည်။ ထိုသို့ မိဘ၏အမွေပစ္စည်းအား သာတူညီမျှ သဘောတူညီရယူပြီးဖြစ်၍ နောင်တွင်ဦးအောင်ဇေယျာမိုးနှင့် ပတ်သက်သည့် ကိစ္စအရပ်ရပ်အားလုံးအား အစ်မဖြစ်သူ ဒေါ်ဌေးဌေးဝင်းမှ တာဝန်ယူဖြေရှင်း ပေးမည်မဟုတ်ကြောင်းကိုလည်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းကျော်သူ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၄၀၄)**
**အမှတ်(၈၈)၊ ဇေယျာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း - ၀၉-၈၈၇၇၇၈၆၃၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သန္တေပင်ကျေးရွာအုပ်စု၊ ထိန်စွန်း(၄)လမ်း၊ ကွင်းအမှတ်(၅၂၁)ဟု ခေါ်တွင်သော အလျား(၂၀)၊ အနံ(၅၄)ပေရှိ ခြံမြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်၍ ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ဝင်းထွေး ၁၂/အစန(နိုင်)၂၁၂၈၂၆ ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆုလဲ့ရွှေရည် ၁၂/ဥကမ(နိုင်)၃၀၁၃၀၂ က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများအနေဖြင့် ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆုလဲ့ရွှေရည်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သွယ်သွယ်လှိုင် (စဉ်-၃၆၅၇၀)**
**အထက်တန်းရှေ့နေ (LL.B)**
**အမှတ်(၂၂၅)၊ ငမိုးရိပ်(၈)လမ်း၊ အပိုင်း(၂)၊**
**သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း-၀၉-၄၃၁၄၀၃၅၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/ထန်းတပင်ရပ်၊ မြေကွက်အမှတ် (ဒ-၆၁၂၃)၊ မြေရေိယာ ၀ ဒသမ ၀၅၅ဧကရှိ ဒေါ်စိုးဆုဆုမွန် (ဘ) ဦးစိုးလှိုင် ၁၂/မရက(နိုင်)၁၃၉၃၉၃ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်စိုးဆုဆုမွန်ထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၁၉၉၂၈/၂၀၂၃)၊ (၁၅-၃-၂၀၂၃)ရရှိထားသူ ဦးကိုကိုမောင် (ဘ)ဦးကျော်အေး ၉/လဝန(နိုင်)၁၀၉၀၅၁ မှ ဦးမျိုးမြင့်ဦး (ဘ)ဦးခင်ပါ ၉/အမဇ(နိုင်)၀၀၄၈၃၁ နှင့် အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

